# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၃) ရက် ၊ စနေနေ့ ၊ (11-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၉၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာရော်ဘာဖိုရမ်-၂၀၂၃ တွင် ကာလတိုဆောင်ရွက်မည့်လုပ်ငန်း ၁၂ ချက်နှင့် ကာလရှည်ဆောင်ရွက်မည့်လုပ်ငန်း ကိုးချက် ချမှတ်နိုင်ခဲ့




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြန်မာရော်ဘာဖိုရမ်–၂၀၂၃ ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းပေးခဲ့သည့် ပညာရှင်များကို ဂုဏ်ပြုလက်ဆောင်များပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဒုတိယနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC–II)၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ ရော်ဘာလုပ်ငန်းကဏ္ဍ **စာမျက်နှာ ၁၇ ကော်လံ ၁ ➡**



**ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပူဇော်ပွဲ ကျင်းပသွားမည်**

စာမျက်နှာ - ၁၁

**နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်**

စာမျက်နှာ - ၂၀






ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# ပါဝင်နွှဲပျော် ကထိန်သင်္ကန်းအလှူပွဲတော်

ကထိန်သင်္ကန်းလှူဒါန်းခြင်းသည် အကျိုးကျေးဇူးကြီးမားလှသော ကာလဒါနအလှူတစ်မျိုးဖြစ်သည်။ ကထိန်သင်္ကန်းလှူဒါန်းခွင့်သည် သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့်ထိ တစ်လတာကာလအတွင်းသာ ကပ်လှူခွင့်ရသော အလှူဖြစ်သည့်အတွက် သင်္ကန်းအလှူများထဲ၌ အမြင့်မြတ်ဆုံး၊ အကျိုးအကြီးဆုံးအလှူ ဖြစ်ပါသည်။

ကထိန်ဆိုသည်မှာ ကထိနဟူသောပါဠိကို မြန်မာမှုပြုထားခြင်းဖြစ်ပြီး အကျိုးငါးချက်ကိုတစ်ပြိုင်နက်တည်းပေါင်းစု၍ ရရှိစေနိုင်သောအလုပ်၊ အကျိုးပေးမြဲမြံခိုင်ခံ့သောအလုပ်၊ ဘုရားအစရှိသော ပညာရှိတို့ ချီးကျူးသောအလုပ်မျိုးကို ကထိန်ဟု ခေါ်ပါသည်။ ကထိန်ပွဲတော်သည် ရှေးဘုရားရှင်တို့၏ လက်ထက်တော်ကပင် ရှိခဲ့သည်။ ဂေါတမဘုရားရှင်လက်ထက်တွင်လည်း ကထိန်ဖြစ်ပေါ်လာပုံမှာ ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးနှင့် ညီနောင်များဖြစ်ကြသော ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့သည် ရဟန်းအဖြစ်ကိုရပြီးနောက် ပါဝေယျတိုင်းမှနေ၍ မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန် ကြွချီလာခဲ့ကြသည်။ ခရီးဝေးကွာသဖြင့် သာကေတမြို့၌ဝါကပ်ကြပြီး ဝါကျွတ်ကာလတွင် ခရီးဆက်ရာ၌ မိုးလေများနှင့်ဆုံခြင်း၊ ရွှံ့ညွန်နှင့် ကြမ်းတမ်းစိုစွတ်သော ခရီးကြမ်းတို့ကြောင့် ဘုရားရှင်ထံ ရွှံ့နှစ်ညွန်စေးညစ်ကြေးများစွဲကပ်နေသော သင်္ကန်းများဖြင့် ရောက်ရှိလာခဲ့သည်။ ထိုအခါ ဘုရားရှင်က သနားတော်မူလှသဖြင့် ကထိန်သင်္ကန်းခင်းလှူခြင်းကို ခွင့်ပြုတော်မူခဲ့ရာမှ ယနေ့တိုင် ကထိန်ပွဲတော်များ ကျင်းပနိုင်ခြင်းပင်ဖြစ်ပါသည်။

ကထိန်အကျိုးတရားများသည် လူပုဂ္ဂိုလ်များသာမက ရဟန်းတော်များလည်းရရှိသည့် ထူးခြားမွန်မြတ်သည့် အလှူမျိုးဖြစ်သည်။ ကထိန်သင်္ကန်းကပ်လှူပွဲဖြစ်ပေါ်ခဲ့သည့် ရဟန်းတော်တို့တွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ငါးလတိုင် ဘုရားရှင်ခွင့်ချက်ပြုသော အကျိုးငါးမျိုးကိုရရှိသည်။ ယင်းအကျိုးငါးမျိုးမှာ (၁) မအပ်စပ်သော အသုံးအနှုန်းဖြင့် ဆွမ်းစားပင့်သော်လည်း မပန်ကြားဘဲသွားနိုင်ခြင်း၊ (၂) တိစီဝရိက် အဓိဋ္ဌာန်တင်ထားသောသင်္ကန်းကိုမယူဆောင်ဘဲလွတ်လပ်စွာသွားနိုင်ခြင်း၊ (၃) ရလာသမျှသင်္ကန်းတို့ကိုဆင်မြန်းနိုင်ခြင်း၊ (၄)မအပ်သောပင့်နည်းဖြင့် ဆွမ်းစားပင့်ခြင်းကို လေးပါး၊ လေးပါးထက်ပို၍ စုပေါင်းဘုဉ်းပေးနိုင်ခြင်း၊ (၅) ကထိန်ခင်းရာကျောင်းတိုက်အတွင်း၌ ဖြစ်ပေါ်လာသော သံဃိကသင်္ကန်းများကို ကထိန်ခင်းသောရဟန်းတို့သာ သုံးစွဲနိုင်ခြင်းတို့ဖြစ်ပါသည်။

ထို့ပြင် ကထိန်သင်္ကန်းလှူဒါန်းသူ အလှူရှင်များ၌လည်း (၁) သွားလေရာရာအရပ်တို့၌ ဘေးအန္တရာယ်ကင်းစွာသွားရခြင်း၊ (၂) မိမိပိုင်ပစ္စည်းများကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း၊ (၃) စားကောင်းသောက်ဖွယ်အထူးပေါများ၍ အစားအတွက်ဘေးမဖြစ်ခြင်း၊ (၄) မိမိပိုင်ပစ္စည်းများ ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးရှုံးခြင်း၊ (၅) ဥစ္စာပစ္စည်းများ အစုလိုက်အပုံလိုက်ရခြင်း၊ (၆) ဥမ္မာဒန္တီမင်းသမီးကဲ့သို့ ချောမောလှပခြင်းဟူသော အကျိုးတရားများကို ခံစားရရှိမည်ဖြစ်ပေသည်။

ယနေ့ခေတ်တွင် ကထိန်ပွဲတော်များကို အများစုပေါင်း၍ ကထိန်သင်္ကန်းအပြင် ထီး၊ ဖိနပ်၊ သပိတ်၊ နာရီ၊ ဆေးဝါး၊ ဝတ္ထုငွေ စသည့်လှူဒါန်းဖွယ်ရာပစ္စည်းအဖြာဖြာတို့ကို ပဒေသာပင်များသီး၍ ကျောင်းတိုက်များဆီသို့ စုဝေးပို့ဆောင်လှူဒါန်းကြလေ့ရှိပါသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်တို့ကို ပစ္စည်းများနောက်လိုက်၍ အလှူခံခြင်းကို ကဲ့ရဲ့တားမြစ်တော်မူသော်လည်း ကထိန်အာနိသင်အကျိုးများကိုမူ ချီးကျူးသြဘာထောမနာပြုခဲ့သည်ဖြစ်ရာ အလွန်တရာမွန်မြတ်ပြီး အကျိုးကြီးမားလှသည့် ကာလဒါန ကထိန်သင်္ကန်းအလှူပွဲတော်များကို တတ်စွမ်းသရွေ့ ပါဝင်နွှဲပျော်ကြပါရန် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းကို တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့် အောင်ပန်းဘက်မှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့် အောင်ပန်းဘက်မှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်နှင့် အောင်ပန်းဒေသထွက် ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ၊ ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဂေါ်ဖီထုပ်ဈေးနှုန်းများမှာ အမျိုးအစားအလိုက် တစ်ထုပ်လျှင် ငွေကျပ် ၆၀၀ မှ ၇၀၀ ထိ ဈေးရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ဂေါ်ဖီထုပ် အဓိကစိုက်ပျိုးတဲ့ တောင်ပေါ်ဒေသဘက်တွေကပဲ လှိုင်လှိုင်ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထုပ်ထွက်ရှိတာ မရှိသေးပါဘူး။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားတဲ့အပြင် ပစ္စည်းရှားပါးမှုတွေကြောင့် အရောင်းအဝယ်တွေက ကောင်းနေတာပါ။ လက်ရှိမှာ ဈေးကို ဂေါ်ဖီထုပ်ကားတွေ ပုံမှန်ဝင်ပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ဂေါ်ဖီထုပ်များ အရောင်းအဝယ် ကောင်းနေခြင်းနှင့်အတူ အခြားကုန်စိမ်းသီးနှံများဖြစ်သည့် အာလူး၊ သခွားသီး၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း အရောင်းအဝယ် ကောင်းနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်းနေကြာအထူးစိုက်ဧကများအတွက် ငွေကျပ် ၁၉၃ သိန်း ထုတ်ချေးပေးထားပြီးဖြစ်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း တောင်သူများ၏ ဆောင်းနေကြာ အထူးစိုက်ဧကများအတွက် ငွေကျပ် ၁၉၃ သိန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် မြို့နယ် ၁၃ မြို့နယ်ရှိ ဆောင်းနေကြာ အထူးစိုက်ဧက ၈၀၀ ကျော်အတွက် ချေးငွေများကို အောက်တိုဘာလ ဒုတိယပတ်မှစ၍ ထုတ်ချေးပေးရာ ယနေ့ထိ ကျေးရွာ လေးရွာ၊ တောင်သူ ၃၇ ဦးတို့၏ စိုက်ဧက ၁၉၃ ဧကအတွက် ငွေကျပ် ၁၉၃ သိန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ဧကများကိုလည်း ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်းနေကြာအထူးစိုက်ပျိုးတဲ့ တောင်သူတွေကို ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ထုတ်ချေးပေးတာပါ။ ထုတ်ချေးငွေတွေကိုလဲ အောက်တိုဘာလ ဒုတိယပတ်ကနေ ချေးပေးခဲ့တာပါ။ တောင်သူတွေကို အတိုးနှုန်းသက်သာစွာနဲ့ ချေးပေးပါတယ်။ မြို့နယ် ၁၃ မြို့နယ်က ဆောင်းနေကြာ အထူးစိုက်ပျိုးတဲ့ တောင်သူတွေကို အဓိကထုတ်ချေးပါတယ်။ တစ်ဧကကို ငွေကျပ်တစ်သိန်းနှုန်းနဲ့ ချေးပေးတာပါ။ တောင်သူတွေ အဆင်ပြေစေဖို့အတွက် တောင်သူတွေရဲ့ စိုက်ပျိုးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး မျိုးကောင်းမျိုးသန့်တွေ ရရှိစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီဆောင်ရွက်ပေးနေတာပါ"ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ဆောင်းနေကြာအထူးစိုက်ဧကများအတွက် ချေးငွေများ ထုတ်ချေးပေးနေသည့် မြို့နယ် ၁၃ မြို့နယ်မှာ ချမ်းအေးသာစံမြို့နယ်၊ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ မြင်းခြံမြို့နယ်၊ အမရပူရမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရမည်းသင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း မြို့နယ်တိုင်း ရောင်းချလိုမှုများနေပြီး ဝယ်ယူမှု နည်းနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းများကြောင့်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာမြင့်တက်လာမှု မရှိသေးသော်လည်း အကွက်ရိုက်ရောင်းချမှုများကို စိတ်ဝင်စားမှု မြင့်တက်နေပြီး ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"အရောင်းအဝယ်က မျှော်မှန်းထားသလောက်တော့ ဖြစ်မလာသေးပါဘူး။ ရောင်းချင်တဲ့သူတွေများနေပြီးတော့ အဝယ်က နည်းနေပါတယ်။ တန်ဖိုးနည်းအကွက်ရိုက်မြေကွက်တွေကတော့ အရောင်းအဝယ်ရှိပါတယ်။ မြို့တွင်းပိုင်းတွေကတော့ အရောင်းအဝယ်မဖြစ်သလောက်ပါပဲ"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ကျပ်သိန်း ၂၀၀၀ နှင့် အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်ကြီးမြို့နယ် ကုန်းသာကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နန်းဟူးကျေးရွာအုပ်စု ကုန်းသာကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦးက ကုန်းသာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကုန်းသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်းမြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူ ၁၂၈ ဦးကို နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့ နန်းတော်ရာရပ် နယ်မြေ(၂) စဝဲလမ်းနေ ဒေါ်လေးမြင့်မိသားစုက ဆေးပဒေသာသင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလုထွေး၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၈၆၅ ဧက စိုက်ပျိုးပြီးစီး





**ပုသိမ် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၈၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၈၆၅ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ပုသိမ်ခရိုင်တွင် ယခုနှစ် စားဖိုဆောင်သီးနှံစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပုသိမ်မြို့နယ်တွင် ၅၅၅ ဧက၊ ငပုတောမြို့နယ်တွင်၂၃၉၇ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ၈၇၈ ဧက၊ သာပေါင်းမြို့နယ်တွင် ၁၀၃၅ ဧက စုစုပေါင်း ၄၈၆၅ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ ပုသိမ်ခရိုင်တစ်ခုလုံးအနေနဲ့ စားဖိုဆောင်သီးနှံစုံ ၄၈၆၅ ဧကစိုက်ပျိုးပြီးပါပြီ။ စားဖိုဆောင်သီးနှံစုံ ဧကအားလုံးစိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့ အသီးအနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင် အသီးအနှံတွေ စိုက်ပျိုးနိုင်စေဖို့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ခင် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေး လုပ်ငန်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံကို ငပုတောမြို့နယ်မှာ အများဆုံး စိုက်ပျိုးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၈၆၅ ဧကတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ စသည့်သီးနှံများ စိုက်ပျိုးထားကြောင်း၊ အဆိုပါသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ပျက်စီးလေလွင့်မှုမရှိစေရန် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများထိ ကွင်းဆင်းပြီး တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် အုတ်ကျွတ်ဖိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တံတားဦး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘလဲ့ဘကျေးရွာအုပ်စု အုတ်ကျွတ်ဖိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စု၊ မြို့နယ်စီမံကိန်းတာဝန်ခံနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အုတ်ကျွတ်ဖိုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အုတ်ကျွတ်ဖိုကျေးရွာ၌ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၄ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# မင်းတုန်းမြို့နယ် တံတားအရှေ့ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းတုန်း နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တံတားအရှေ့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေနှင့်ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တံတားအရှေ့ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်းစံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

မင်းတုန်းမြို့နယ် တံတားအရှေ့ကျေးရွာ၌ အလျား ၃၆ ပေ၊ အနံ ၂၃ ပေ၊ အမြင့် ၁၁ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းနှင့် တစ်နာရီဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ် သိန်း ၁၇၀ အသုံးပြု၍ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ၂၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ပြောပြ၍ သိရသည်။

**ကိုညီ**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၉၁)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးရှင့် ကျွန်မက အငြိမ်းစား ဝန်ထမ်းတစ်ယောက်ပါ။ အသက် ၅၉ နှစ်မှာ ညာဘက်တစ်ခြမ်းလေဖြတ်သလို ဖြစ်ပြီး ထမင်းစားရင် လက်က ပါးစပ်နားထိမရောက်ဘဲ ထမင်းလုတ်လွတ်ကျပါတယ်။ ရှုန်းကိုင်ရင် ရှုန်းလွတ်ကျပါတယ်။ လျှာအရသာကတော့ မပျက်ပါ။ ဝါးစားလို့လဲရပါတယ်။ စကားလဲ ပီသအောင်ပြောနိုင်ပါတယ်။ စကားပြောမလေးပါ၊ လျှာလဲမလေးပါ။ ခြေထောက်က နစ်ဖက်လုံး လမ်းသွားရင်း တစ်ခါတစ်ရံလေးသွားပြီး ဆွဲထားသလိုဖြစ်တတ်ပါတယ်။ အထူးသဖြင့် ညာခြေက ပိုနိုးပါတယ်။ လေ့ကား အဆင်း၊ အတက် သိပ်စက်စဲပါတယ်။ ညာဘက်တစ်ခြမ်း လေဖြန်းတာလို့ပြောလို့ အထူးကုပြပြီး ပုဂ္ဂလိကဆေးရုံကြီး တစ်ခုမှာ ဦးခေါင်းကို MRI သံလိုက်ဓာတ်မှန်ရိုက်ကြည့်တော့လဲ သွေးခဲ အပိတ်အဆို့ ဘာမှမတွေ့ရှိရပါ။ ဦးနှောက်က အကောင်းပဲလို့ ပြောပါတယ်။ အလုပ်တာဝန်တွေ မလုပ်နိုင်တော့လို့ ပင်စင်ယူလိုက်ရပါတယ်။ အထူးသဖြင့် လက်က စာရေးလို့မရတော့တာပါ။ တချို့ကလဲ လေဖြတ်တာမဟုတ်ဘူး။ အခု အနောက်တိုင်းမှာ လူကြီးတွေအဖြစ်များတဲ့ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေများတယ်လို့ ပြောကြပါတယ်။ ကျွန်မက အလကားနေရင်း ခြေတုန်လက်တုန်ဖြစ်တာတော့မရှိပါ။ တစ်ခုခုကို အာရုံစိုက်တဲ့အခါမှာပဲ တုန်တာဖြစ်တတ်ပါတယ်။ တကယ်လို့ ခြေတုန်လက်တုန်ရောဂါဆိုရင်လဲ တိုင်းရင်းဆေးနဲ့ ကုသပျောက်ကင်းနိုင်မှုရှိ၊ မရှိ သိလိုပါတယ်။ အခြားအာရုံကြောရောဂါရောဖြစ်နိုင်ပါသလား သိရှိလိုပါတယ်။**

ဖြေ ။ ။ လေဖြန်းတာ၊ လေဖြတ်တာတော့မဖြစ်နိုင်ဘူးလို့ ယူဆပါတယ်။ ဦးနှောက်ကို ဓာတ်မှန်ရိုက်တဲ့အခါ သွေးခဲပိတ်ဆို့တာ ဒါမှမဟုတ် သွေးကြောပေါက်တာဖြစ်တဲ့အခါတွေမှာပဲ လေဖြတ်ကိုယ်တစ်ခြမ်းသေဖြစ်လေ့ရှိပါတယ်။ ညာခြမ်းလေဖြတ်သူတွေမှာ ဦးခေါင်းရဲ့ဘယ်ဘက်အခြမ်းမှာ ပိတ်ဆို့တာ ဒါမှမဟုတ် သွေးကြောပေါက်တာဖြစ်လေ့ရှိပါတယ်။ ညာခြမ်းလေဖြတ်ရင် စကားပြောလေးသွားလေ့ရှိပါတယ်။ လျှာမသိမ်းနိုင်ဖြစ်လေ့ရှိပါတယ်။ စကားပြောမလေးဘူး ပုံမှန်ဖြစ်နေတယ်ဆိုရင် ညာခြမ်းလေဖြတ်တာမဖြစ်နိုင်ပါ။ ခြေတုန်လက်တုန်ရောဂါမဖြစ်သေးတောင် ဖြစ်ဖို့အစပျိုးနေတဲ့ အခြေခံလက္ခဏာဆိုရင် ဖြစ်နိုင်ပါတယ်။ အနောက်တိုင်း ဆေးပညာအခေါ် ပါကင်ဆန်ရောဂါကို မြန်မာလိုပြန်ရာမှာ အနီးစပ်ဆုံး "ခြေတုန်လက်တုန်ရောဂါ" လို့ဆိုကြပါတယ်။ ဒီရောဂါဖြစ်တဲ့သူတွေဟာ အသက် ၇၀ ကျော်တဲ့ သက်ကြီးရွယ်အိုတွေဖြစ်လေ့ရှိတယ်။ အကြောတွေ အားမရှိဘဲ လှုပ်ရှားမှုနှေးကွေးပြီး ပုံပန်းမကျတာ၊ အနားယူနေချိန်မှာ လက်ခြေတွေလှုပ်နေတာ၊ တစ်ခါတစ်ရံ ကြွက်သားတွေတောင့်တင်းတာ၊ နာကျင်တာ၊ မတ်တတ်ထပြီးလမ်းလျှောက်ရင် ယိမ်းထိုးသွားပြီး ခန္ဓာကိုယ်ဟန်ချက်မညီတာ၊ ကတုန်ကယင်ဖြစ်တာတွေ တွေ့ရပါတယ်။ လက်ရေးပြောင်းသွားပြီး လက်မှတ်ထိုးတဲ့အခါ ပုံမှန်ထိုးမြဲလက်မှတ်နဲ့တူအောင် မထိုးနိုင်တော့လို့ ပါကင်ဆန်ရောဂါဖြစ်သူတွေဟာ ဘဏ်မှာငွေထုတ်တဲ့အခါ၊ ပင်စင်ထုတ်တဲ့အခါ အများကြီးပြဿနာပေးလေ့ရှိတယ်လို့ ဖတ်ရှုရဖူးပါတယ်။ လမ်းလျှောက်တဲ့အခါ လက်မလွှဲနိုင်တာ၊ နှာခေါင်းက အနံ့ကောင်းစွာမရတော့တာ၊ နားကလဲ အသံကြားနိုင်စွမ်းလျော့နည်းလာတာတွေ ဖြစ်နိုင်တယ်လို့ ဆေးပညာကဆိုပါတယ်။ ဒီရောဂါကို



ဆေးဖက်ဝင်နနွင်းကို တွေ့ရစဉ်။

အနီးစပ်ဆုံး မြန်မာဆေးကျမ်းတွေမှာ လေ့လာကြည့်တော့ အနာမျိုး (၉၆)ပါးနဲ့ လေရောဂါမှာ တိုက်ဆိုင်တာ တွေ့ရပါတယ်။ ရောဂါတွေမှာ "ကာယရောဂါ" ကိုယ်မှာဖြစ်တဲ့ရောဂါ၊ "သီသရောဂါ" ဦးခေါင်းမှာဖြစ်တဲ့ရောဂါတွေမှာ နှစ်မျိုးလုံးပေါင်းစပ်ပါဝင်နေပြီး လေမျိုးရှစ်ဆယ်မှာ အသက်ကြီးလို့ဖြစ်တဲ့ လေရောဂါတစ်မျိုး "အင္ဂေပက" ဆင်ဦးစီးလေ "ကလာယခဉ္ဇ" အကြောဆွဲတဲ့ လေရောဂါတွေနဲ့ ဆင်တူနေတာကို တွေ့ရပါတယ်။ မြန်မာဆေးကျမ်းတွေအဆိုအရ ဒီရောဂါတွေအတွက် အစွမ်းထက်တဲ့ဆေးမှာ မြန်မာလူမျိုးတို့ မီးဖိုချောင်မှာအမြဲရှိတဲ့ နနွင်းဖြစ်ပါတယ်။ ဆေးပညာသုတေသီတွေရဲ့ လေ့လာတွေ့ရှိချက်တွေအရ ပါကင်ဆန်ခေါ် ခြေတုန်လက်တုန်ရောဂါဟာ အနောက်တိုင်းဥရောပနိုင်ငံတွေမှာ အဖြစ်များပြီး အရှေ့တိုင်း အိန္ဒိယ၊ မြန်မာ စတဲ့နိုင်ငံတွေမှာ အဖြစ်နည်းတယ်။ အဲဒီနိုင်ငံတွေမှာ ဟင်းချက်ရာမှာ နနွင်းကို အသုံးများတယ်။ နေ့စဉ်ဟင်းချက်ရာမှာ နနွင်းပါဝင်တာကြောင့် အထူးဆေးစားစရာမလိုဘဲ ခြေတုန်လက်တုန်ရောဂါကို ကာကွယ်နေတာဖြစ်တယ်။ အသက်ကြီးမှ ကိုယ်တစ်ခြမ်းလေဖြတ်သူ၊ လေငန်းစွဲသူတွေကို နနွင်းမှုန့်နဲ့ပျားရည်ကို နယ်ပြီး ရွှေးကြီးစေ့လောက်လုံးပြီး မနက်၊ ည နနွင်းဆေးလုံးငါးလုံးလောက် တိုက်ကျွေးကြည့်တာ သက်သာလာတာကို တွေ့ရဖူးပါတယ်။ နနွင်းက ဘေးထွက်ဆိုးကျိုးမများပေမဲ့ တန်ဆေးလွန်ဘေး ချင့်ချိန်ပြီး မလွန်ကဲအောင် စားသုံးပါ။ လေကြောင့်ဖြစ်တဲ့ရောဂါဖြစ်တဲ့အတွက် လေစာ၊ လေပွစာတွေကိုလဲ တတ်နိုင်သမျှရှောင်ကြဉ်စားသုံးသင့်ပါတယ်။

**မေး ။ ။ ဆရာစင်ဗျာ ကျွန်တော်က ပန်းရန်အလုပ်လုပ်ပါတယ်။ အလုပ်လုပ်ရင်း ငြမ်းပေါ်ကပြုတ်ကျလို့ လက်ထောက်မိပြီး လက်ကောက်ဝတ်နာနေတာ တစ်ပတ်လောက်ရှိပါပြီ။ အလုပ်မလုပ်နိုင်သေးပါ။ ဘာဆေးလိမ်းရမလဲဆရာ။**

ဖြေ ။ ။ တောရှောက်မြစ်၊ လင်းလေ၊ မိဿလင်၊ ဝံအူမြစ်၊ ပရုတ်၊ ထင်းရှူးဆီ စတာတွေကို တစ်မျိုးဖြစ်ဖြစ်၊ နှစ်မျိုး၊ သုံးမျိုးတွဲပြီးဖြစ်ဖြစ် လိမ်းတာ၊ စည်းတာနဲ့ ပျောက်ကင်းနိုင်ပါတယ်။ တစ်နည်း ကြွက်နားပေါင်းရွက် ဒါမှမဟုတ် ရဲယိုရွက်ကို မီးကင်ပြီး ခပ်နွေးနွေးစည်းပေးပါ။

**မေး ။ ။ ဆရာရှင့် ကျွန်မအသက် ၄၅ နှစ်ပါ။ သွေးမဆုံးသေးပါ။ ဓမ္မတာပေါ်တာတော့ နည်းလာပါပြီ။ ညအိပ်ရာဝင် မကြာခဏ ကြွက်တက်ပါတယ်။ ကြွက်တက်တာ သွေးဆုံးရောဂါကြောင့်လား ဆရာ။ ဘာကြောင့်ဖြစ်တာလဲ၊ ဘယ်လိုလုပ်ရမလဲ သိလိုပါတယ်။ ဘာဆေးသုံးရမယ်ဆိုတာ လမ်းညွှန်ပေးပါ။**

ဖြေ ။ ။ သွေးဆုံးချိန်မှာ အရိုးပွတာ၊ ကြွက်သားအားနည်းတာတွေ ဖြစ်တတ်ပါတယ်။ ကြွက်တက်တာကတော့ ဓာတ်လျော့နည်းလို့ ကြွက်တက်ရောဂါဖြစ်တတ်ပါတယ်။ တချို့က သွေးတိုးမှာကြောက်လို့ ဆားကိုရှောင်ရင်း ကြွက်တက်ရောဂါဖြစ်လာတာ တွေ့ဖူးပါတယ်။ ညအိပ်ရာဝင် ကြွက်တက်ရင် မန်ကျည်းသီးအစိမ်းကို ဆားနဲ့ရောထောင်းပြီးစားရင် သက်သာစေပါတယ်။ ခြေသလုံးကြွက်တက်ရင် ညအိပ်ရာဝင်ခါနီး ဒူးအထက်ကနေ ရေလောင်းခြေဆေးပြီး တောရှောက်မြစ်၊ ဝံအူမြစ်တွေသွေးပြီး ခြေသလုံးမှာ လိမ်းအိပ်ပါ။ အေးတဲ့ရာသီမှာ ခြေထောက်ရေမဆေးနိုင်ရင် မုန်ညင်းဆီကို မီးနဲ့ခပ်နွေးနွေးဖြစ်အောင်နွေးပြီး ခြေသလုံးမှာ စိမ့်ဝင်အောင်လိမ်းပြီးအိပ်ပါ။ ကြွက်တက်သက်သာစေပါတယ်။

**မေး ။ ။ ဆရာစင်ဗျာ ကျွန်တော်က အလုပ်ကြမ်းလုပ်ရပါတယ်။ ကျွန်တော့်ခြေချောင်းအဆစ်နေရာတွေမှာ အသားမာတွေတက်နေပါတယ်။ အသားမာတွေပျောက်ကင်းအောင် ဘယ်လိုဆေးနည်းပြုလုပ်ရမယ်ဆိုတာ လမ်းညွှန်ပေးပါခင်ဗျာ။**

ဖြေ ။ ။ ခြေထောက်ကို အားလပ်ရက်တွေမှာ တမာရွက်ပြုတ်ရည်စိမ်ပေးပါ။ မန်ကျည်းမှည့်အနှစ်ကို ဆားနဲ့ရောနယ်ပြီး အသားမာရှိတဲ့နေရာတွေကို ရေမချိုးခင်ပွတ်တိုက်ပေးပြီးမှ ရေချိုးပါ။ နေ့စဉ်ပြုလုပ်ပေးပါ။

**မေး ။ ။ ဆရာရှင့် ကျွန်မက အသုပ်ရောင်းပါတယ်။ နေ့တစ်ဝက်လောက် မတ်တတ်ရပ်ပြီး အလုပ်လုပ်ရပါတယ်။ နစ်ကြာလာလို့လားမသိဘူး ခြေဖနောင့်နစ်ဖက်က တစ်နာရီကျော်လောက်ရပ်ရင် နာလာပါတယ်။ ညာဘက်ဖနောင့်ထဲမှာ သံစူးသလိုစူးပြီး နာနေပါတယ်။ ဈေးရောင်းတဲ့အလုပ်မို့ မတ်တတ်ရပ်ပြီး မလုပ်လို့လဲမဖြစ်ပါ။ ဖနောင့်နာတာတွေသက်သာအောင် ဘယ်လိုလုပ်ရမလဲ ဆေးနည်းတွေပြောပြပေးပါရှင့်။**

ဖြေ ။ ။ မတ်တတ်ရပ်အလုပ်လုပ်တဲ့အခါ ဖနောင့်မနာအောင် သားရေဖိနပ်မစီးဘဲ ဖော့ဖိနပ်၊ ရော်ဘာဖိနပ်၊ ပျော့တဲ့အိတ်တဲ့ဖိနပ်မျိုးစီးပေးပါ။ ညအိပ်ရာဝင်ခါနီးမှာ ဖနောင့်နှစ်ဖက်ကို မြုပ်အောင် ဆားရည်စိမ်ပေးပါ။ ၁၅ မိနစ်လောက်စိမ်ရင်ရပါတယ်။ သင်္ဘောရွက်ကို မီးကင်ပြီး ဖနောင့်မှာကပ် ပတ်တီးစည်းအိပ်ပါ။ တစ်နည်း နနွင်းမှုန့်ဟင်းစားဇွန်းတစ်ဇွန်း၊ ပျားရည်နှစ်ဇွန်း၊ ရေနွေးအနည်းငယ်နဲ့ ပျစ်ပျစ်ကလေးဖျော်ပြီး ဖနောင့်မှာအုံစည်းပါ။ ခုနစ်ရက်တစ်ပတ်စည်းပေးဖို့လိုပါတယ်။ တချို့လဲ ရေမချိုးခင်နဲ့ ညအိပ်ရာဝင်ချိန်မှာ ခြေထောက်ရေဆေးပြီး ဆားနင်းပေးတာနဲ့ ဖနောင့်နာပျောက်သူတွေရှိပါတယ်။ ဆားနင်းဖို့အတွက် ပလတ်စတစ်ဇလုံကြီးထဲမှာ ဆားနှစ်ပိဿာထည့်ပြီး မိနစ် ၂၀ လောက် နင်းပေးဖို့လိုပါတယ်။ ဆားနင်းပြီးရင် ဒူးအထက်ကနေအောက် ရေအေးနဲ့ဆေးပြီးမှအိပ်ပါ။ ဖနောင့်ကနေ အခိုးအငွေ့တွေထွက်လာပြီး ဖနောင့်နာသက်သာသွားနိုင်ပါတယ်။ မတ်တတ်ရပ်အလုပ်လုပ်တဲ့အချိန်ကိုတော့ တတ်နိုင်သမျှလျှော့ဖို့လိုပါတယ်။

**မေး ။ ။ ဆရာရှင့် ကျွန်မခေါင်းလျှော်ဆိုင်တွေမှာ မကြာခဏ ခေါင်းလျှော်ပြီး အခုနောက်ပိုင်း ဆေးမတည့်လို့လားမသိပါ။ ခေါင်းမှာ အဖုတွေထွက်ပြီး ကျိန်းစပ်နေပါတယ်။ ရေအေးနဲ့ခေါင်းလျှော်လို့ အပူကန်တာလားမသိပါ။ ပျောက်ကင်းအောင် ဘယ်လိုလုပ်ရမလဲ လမ်းညွှန်ပေးပါရှင့်။**

ဖြေ ။ ။ အပူအထက်ကန်လို့ပါ။ ရှားစောင်းလက်ပပ်အနှစ်ကို သကြားနဲ့ခေါက်စားပါ။ ဆန်ဆေးရည်အကြည်တစ်ဖန်ခွက်ကို မနက်ရေမချိုးခင်သောက်ပေးပါ။ ညအိပ်ရာဝင်ချိန်မှာ မန်ကျည်းမှည့်ဖျော်ရည်သောက်ပေးပါ။ ခြေဖဝါး ဆားပွတ်ပြီး ဒူးအထက်ကနေ ရေလောင်းခြေဆေးပါ။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုပို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၈၇ ဧက စိုက်ပျိုးပြီးစီး

**ရေဦး နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၈၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။


ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၆၅၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက် ၃၅၈၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၃၆၅၁ ဧကစိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ၃၅၈၇ ဧက စိုက်ပျိုးပြီးပါပြီ။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ဧရှာ်၊ ဟင်းခတ်အမွှေးအကြိုင်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ပန်းမုန်လာ စတဲ့သီးနှံတွေဖြစ်ပါတယ်” ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်အတွင်း ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိစေရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၂၉၉၇ ဧကစိုက်ပျိုးရန်လျာထားကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။

(၂၀၆)



ယခင်နှစ်က ပန်းမုန်လာစိုက်ခင်းကို တွေ့ရစဉ်။

# ဘားအံမြို့နယ် ကော့သံခါကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ကော့သံခါကျေးရွာအုပ်စု ကော့သံခါကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ကောသံခါကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိစက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းအဲဖောင်အွာက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားသည်။

ကော့သံခါကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ရေစင်အောက်ခန်းဖွဲ့ခြင်းနှင့် ဆိုလာရေတင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက မေလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းအဲဖောင်အွာထံမှ သိရသည်။ **ဆက်လှ**

## ပြည်ထောင်စုသား သွေးချင်းများ

\- တို့တိုင်းပြည် ပျက်စီးရေး
နှောင့်ယှက်ပေး သွေးထိုးနေ၊
အဖျက်ရန် သတိထား
ရှောင်ရှားစို့လေ၊
သတင်းအမှား ဖြန့်ချိပေ
ပြည်ဖျက်တွေ အတွေးညစ်၊
ပြည်သူကို ဒုက္ခတွင်းမှာ
ဆင်းရဲအောင်နှစ်။

\- တို့မြန်မာ သတိမလစ်နဲ့
တွေးစစ်လို့ စဉ်းစားပါ၊
နိုင်ငံတော် ဦးတည်ချက်ဖြင့်
ရှေ့ဆက်ရမှာ၊
ဥပဒေမဲ့ ရက်စက်တာ
သတ်ဖြတ်တာ မပြုရေး၊
ပျက်စီးကြံ မိစ္ဆာများကို
ဖယ်ရှားစို့လေး။

\- ဒီမိုကရေစီ လမ်းကိုတွေး
မှားမှန်ရွေး ဝန်းရံကြို၊
တို့မြန်မာ ပြည်ထောင်စု
အကျိုးပြုစေလို၊
စည်းကမ်းရှိ နိုင်ငံကို
လှမ်းချီပို့ကြိုးစား၊
အမျိုးဂုဏ် ဇာတိစိတ်ကို
ထိပ်တန်းမှာထား။

\- တိုင်းပြည်နယ် သွေးချင်းများ
နှလုံးသားက စည်းလုံးရန်၊
ချစ်ခင်စွာ လက်ချင်းတွဲ
ဆင်နွှဲလမ်းမှန်၊
မျိုးချစ်စိတ် မြဲရှင်သန်
တို့နိုင်ငံ ကောင်းစားရေး၊
စည်းကမ်းဆောင် နိုင်ငံဖြစ်အောင်
ထုဆစ်စို့လေး။

**မောင်မျိုးချစ်(အညာမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဂျပန်နှင့်ရယူထားသည့် နျူကလီးယား သဘောတူညီချက်ကို ရုရှားနိုင်ငံဆိုင်းငံ့ထား

**တိုကျို နိုဝင်ဘာ ၁၀**

ရုရှား နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးအတွက် ဂျပန်နိုင်ငံနှင့်ရယူထားသည့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်၌ ပူးပေါင်းပါဝင်မှုကို ရုရှားနိုင်ငံက ဆိုင်းငံ့ထားကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

၁၉၉၃ ခုနှစ်တွင် ရယူခဲ့သည့် အဆိုပါ သဘောတူညီချက်အား ဆိုင်းငံ့လိုက်သည့်အမိန့်တစ်ရပ်ကို ရုရှားဝန်ကြီးချုပ် မစ်ရှေးလ်မီရှူစတင်က နိုဝင်ဘာ ၇ ရက်တွင် လက်မှတ်ရေးထိုးထားသည်။

ဂျပန်နိုင်ငံနှင့် ရယူထားသော နျူကလီးယားလက်နက် ဖျက်သိမ်းရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်အား ပယ်ဖျက်ရခြင်း အကြောင်းရင်းကို ရုရှားတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

သို့သော် ယင်းသဘောတူညီချက်ဆိုင်းငံ့ထားမှုကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဂျပန်အစိုးရထံ အသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနှင့်ဂျပန်နှစ်နိုင်ငံဆက်ဆံရေးသည် ယူကရိန်းစစ်ရေးပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဆိုးဆိုးရွားရွားတင်းမာလာခဲ့သည်။

ဂျပန်နိုင်ငံသည် ယူကရိန်းစစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံ အပါအဝင် အနောက်အုပ်စုနိုင်ငံများနှင့်လက်တွဲ၍ ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အိန္ဒိယနှင့် ပါကစ္စတန် နယ်ခြားစောင့်တပ်များ ကက်ရှ်မီးယား၌ အပြန်အလှန်ပစ်ခတ်

**ဒေလီ နိုဝင်ဘာ ၁၀**

ပိုင်ဆိုင်ခွင့်အငြင်းပွား ကက်ရှ်မီးယားနယ်စပ်တစ်လျှောက်၌ နိုဝင်ဘာ ၈ ရက် ညပိုင်းက ပါကစ္စတန်နှင့်အိန္ဒိယ နယ်ခြားစောင့်တပ်များကြား အပြန်အလှန်ပစ်ခတ် တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။

ပါကစ္စတန် နယ်ခြားစောင့်တပ်များက အိန္ဒိယထိန်းချုပ်မှုအောက်ရှိ ကက်ရှ်မီးယားဘက်ခြမ်းမှနယ်စပ်ကင်းစခန်းများကို စတင်တိုက်ခိုက်ခဲ့ကြောင်း အိန္ဒိယအစိုးရက ပြောကြားထားသည်။

ပါကစ္စတန်တပ်များ၏ ပစ်ခတ်တိုက်ခိုက်မှုကို အိန္ဒိယတပ်ဖွဲ့များကလည်း ပစ်ခတ်တုံ့ပြန်ခဲ့သည်ဟု အိန္ဒိယ နယ်ခြားစောင့်တပ်ဖွဲ့က သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

ပါကစ္စတန်တပ်များ၏ ပစ်ခတ်မှုကြောင့် အိန္ဒိယနယ်ခြားစောင့်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အပြန်အလှန် ပစ်ခတ်မှုများမှာ နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ရပ်တန့်သွားကြောင်း အိန္ဒိယ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ကက်ရှ်မီးယားဒေသတစ်ခုလုံးကို ပိုင်ဆိုင်ခွင့်ရရေးအတွက် ၁၉၄၇ ခုနှစ်နောက်ပိုင်း စစ်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ဖူးသည်။

နိုဝင်ဘာ ၈ ရက် နယ်စပ်တစ်လျှောက်အပြန်အလှန် ပစ်ခတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ပါကစ္စတန်အစိုးရက တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ရုရှားသမ္မတပူတင် ရော့စတော့ဗ်စစ်ဌာနချုပ်၌ ထိပ်တန်းဗိုလ်ချုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေး



**မော်စကို နိုဝင်ဘာ ၁၀**

ရုရှားသမ္မတပူတင်သည် ယနေ့တွင်ရုရှားထိပ်တန်းစစ်ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ ယူကရိန်းအထူးစစ်ဆင်ရေးအခြေအနေများဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုင်းဂူနှင့် စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီးဗယ်လာရီဂျီရာဆီမော့ဗ်တို့ အပါအဝင် ရုရှားထိပ်တန်းစစ်ခေါင်းဆောင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် သမ္မတပူတင်သည် ယူကရိန်းအထူးစစ်ဆင်ရေးများအခြေအနေနှင့် ပတ်သက်၍စစ်ခေါင်းဆောင်များ၏အစီရင်ခံတင်ပြမှုကို နားထောင်ဆွေးနွေးခဲ့ကြောင်း ကရင်မလင်နန်းတော်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်နှင့် ထိပ်တန်းဗိုလ်ချုပ်ကြီးများသည်ရော့စတော့ဗ်မြို့ရှိ တောင်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်၌ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ရော့စတော့ဗ်စစ်ဌာနချုပ်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင်စတင်ခဲ့သည့် ယူကရိန်းအထူးစစ်ဆင်ရေးများအား ကွပ်ကဲရသည့် စစ်ဌာနချုပ်ဖြစ်ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်သည် ပြီးခဲ့သည့်လကလည်း ရော့စတော့ဗ်စစ်ဌာနချုပ်သို့ သွားရောက်၍ စစ်မြေပြင်တပ်မှူးများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အမေရိကန်၌ကျင်းပမည့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ တက်ရောက်မည်



**ဆိုးလ် နိုဝင်ဘာ ၁၀**

တောင်ကိုရီးယား သမ္မတ ယွန်းဆွတ်ယိုးသည် နည်းပညာပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစားပွဲဝိုင်းဆွေးနွေးပွဲတစ်ပွဲသို့ဂျပန်ဝန်ကြီးချုပ်ကီရှီဒါနှင့်အတူ တက်ရောက်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ စတန်းဖို့တက္ကသိုလ်၌နိုဝင်ဘာ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)ထိပ်သီးညီလာခံတက်ရောက်ရေးအတွက် အမေရိကန်နိုင်ငံသို့ ရောက်ရှိနေချိန်တွင် အဆိုပါစားပွဲဝိုင်းဆွေးနွေးပွဲ၌ပါဝင်ရန် ဂျပန်နှင့်တောင်ကိုရီးယားခေါင်းဆောင်များက စီစဉ်ထားခြင်းဖြစ်သည်။

အေပက် ထိပ်သီးညီလာခံကို အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် မေလအတွင်း သမ္မတရာထူး စတင်ရယူခဲ့သည့် တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးသည်ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးပုံစံကို ပြန်လည်ပြင်ဆင်ရန် ဦးစားပေးကြိုးပမ်းလျက်ရှိသည်။

ယခုနှစ်အတွင်း တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးသည် တိုကျိုမြို့သို့သွားရောက်၍ ဂျပန်ဝန်ကြီးချုပ်ကီရှီဒါနှင့်ထိပ်သီးဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## နောက်တွဲကုန်တင်ယာဉ်အတွင်းပိတ်မိနေသည့် ရွှေ့ပြောင်းဝင်ရောက်သူ ၁၂၃ ဦးကို မက္ကဆီကိုအာဏာပိုင်များ ရှာဖွေတွေ့ရှိ

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၀**

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်း စန်လူးစ်ပိုတိုဆီပြည်နယ်၌နောက်တွဲယာဉ်တစ်စီးအတွင်း ပိတ်မိနေသည့် ရွှေ့ပြောင်းဝင်ရောက်သူ ၁၂၃ဦးကို မက္ကဆီကိုအာဏာပိုင်များကနိုဝင်ဘာ ၉ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါရွှေ့ပြောင်းဝင်ရောက်သူများကို နျူဗိုလီယွန်နယ်စပ်မြို့တစ်နေရာ၌ အလုံပိတ်နောက်တွဲယာဉ်အတွင်းသော့ခတ်ပိတ်လှောင်ခံထားရသည့် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အလုံပိတ်သော့ခတ်ထားသည့်နောက်တွဲယာဉ်အတွင်းမှအကူအညီတောင်းခံသံများပေါ်ထွက်နေမှုကို ဒေသခံတစ်ဦးက သတင်းပေးပို့ခဲ့ပြီးနောက် အဆိုပါရွှေ့ပြောင်းဝင်ရောက်သူများကို ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါရွှေ့ပြောင်းဝင်ရောက်သူ ၁၂၃ ဦးတို့မှာ ဗဟိုအမေရိကနှင့် အမေရိကတောင်ပိုင်းတို့မှရောက်ရှိလာကြသူများဖြစ်ကြသည်။


၎င်း ရွှေ့ပြောင်းဝင်ရောက်သူများသည် အမေရိကန်နိုင်ငံသို့သွားရောက်ရန် ကြိုးစားနေသူများဖြစ်ကြောင်း မက္ကဆီကိုအာဏာပိုင်များက ပြောကြားခဲ့သည်။

အမေရိက တောင်ပိုင်းနှင့် အလယ်ပိုင်းတို့မှ ရွှေ့ပြောင်းဝင်ရောက်သူများသည် မက္ကဆီကိုနယ်စပ်ကိုဖြတ်၍ အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းလေ့ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက အမေရိကန်အာကာသတပ်ဖွဲ့၏ အိတ်စ်-၃၇ ဘီ အာကာသလေယာဉ်ကို ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထား




**ဝါရှင်တန် နိုဝင်ဘာ ၁၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် အမေရိကန်အာကာသတပ်ဖွဲ့၏ အိတ်စ်-၃၇ ဘီ အာကာသလေယာဉ်ကို ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် အိတ်စ်-၃၇ ဘီ အာကာသလေယာဉ်ကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် ဒီဇင်ဘာ ၇ ရက်တွင် လွှတ်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၇ ရက် မစ်ရှင်သည် အိတ်စ်-၃၇ ဘီ အာကာသလေယာဉ်၏ သတ္တမမြောက်မစ်ရှင်ဖြစ်ပြီး ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်မည့် ပထမဆုံး အိတ်စ်-၃၇ ဘီ မစ်ရှင်လည်းဖြစ်သည်။

ယခင်က အမေရိကန်အာကာသတပ်ဖွဲ့သည် အိတ်စ်-၃၇ ဘီ အာကာသလေယာဉ်ကို အက်တလပ်စ်-၅ ဒုံးပျံဖြင့် ငါးကြိမ်လွှတ်တင်ခဲ့ပြီး ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် တစ်ကြိမ် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အိတ်စ်-၃၇ ဘီ အာကာသလေယာဉ်သည် အကြိမ်ကြိမ် အသုံးပြုနိုင်သော အာကာသယာဉ်ဖြစ်ပြီး ဘိုးရင်းကုမ္ပဏီက တည်ဆောက် ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသလေယာဉ်သည် ၂၀၁၀ ပြည့်နှစ်က စတင်ပျံသန်းခဲ့ပြီး အဆိုပါလေယာဉ်၏ မစ်ရှင်အသေးစိတ်ကို အမေရိကန်အာကာသတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နာဆာ၏ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် အင်္ဂါဂြိုဟ်ပေါ်ရောက်ရှိချိန် ရက်ပေါင်း ၄၀၀၀ ကျော်လွန်ခဲ့ပြီဖြစ်

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် အင်္ဂါဂြိုဟ်ပေါ်ရောက်ရှိချိန်မှာ အင်္ဂါဂြိုဟ်ရက်အားဖြင့် ရက်ပေါင်း ၄၀၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

၂၀၁၂ ခုနှစ် ဩဂုတ် ၅ ရက်က အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်ခဲ့ပြီးနောက်ပိုင်း အင်္ဂါဂြိုဟ်ရက်ပေါင်း ၄၀၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အင်္ဂါဂြိုဟ်၏ တစ်ရက်တာ အချိန်ကာလသည် ကမ္ဘာမြေ တစ်ရက်တာ အချိန်ကာလထက် အနည်းငယ်ပိုများပြီး တစ်ရက်လျှင် ၂၄ နာရီ မိနစ် ၄၀ ရှိကြောင်း သိရသည်။

ကျူရီယိုစီတီသည် အင်္ဂါဂြိုဟ်ပေါ်သို့ စတင်ဆင်းသက်ပြီးချိန်မှစ၍ အင်္ဂါဂြိုဟ်ရှေးဟောင်းသက်ရှိများ၏ သဲလွန်စများကို ရှာဖွေခဲ့ကြောင်း သိရသည်။



အင်္ဂါဂြိုဟ်ပေါ်သို့ရောက်ရှိချိန်သည် အင်္ဂါဂြိုဟ်ရက်အားဖြင့် ရက်ပေါင်း ၄၀၀၀ ကျော်ပြီဖြစ်သော်လည်း ကျူရီယိုစီတီ၏အခြေအနေမှာ ကောင်းမွန်နေဆဲဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကျူရီယိုစီတီသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ခရီးအကွာအဝေး မိုင် ၂၀ ခန့်ထိ သွားလာခဲ့ပြီးဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## Space-X ကုမ္ပဏီက ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် CRS-29 အမည်ရှိ မစ်ရှင်ဖြင့် ဒရာဂွန်အာကာသကုန်တင်ယာဉ်တစ်စင်းကို နိုဝင်ဘာ ၉ ရက်က နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ဒရာဂွန် အာကာသကုန်တင်ယာဉ်ကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ပြီးဖြစ်သည်။

လွှတ်တင်ပြီး ရှစ်မိနစ်ကျော်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ဒုံးယာဉ်သည် ကိပ်ကာနေဗာရယ် အာကာသစခန်းနယ်မြေပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုဝင်ဘာ ၁၁ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းမှ အာကာသယာဉ်မှူးများအတွက် စားရေရိက္ခာနှင့်သိပ္ပံပညာရပ်ဆိုင်ရာပစ္စည်းကိရိယာများ စုစုပေါင်း ကီလိုဂရမ် ၂၉၅၀ ကို သယ်ဆောင်ထားသည်။

နိုဝင်ဘာ ၉ ရက် ဒရာဂွန် အာကာသ ကုန်တင်ယာဉ်မစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) နှင့် ရယူထားသည့် သဘောတူညီချက်အရ Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့သော ၂၉ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ဆီးချိုရောဂါဆေးတစ်မျိုးကို ကိုယ်အလေးချိန်လျှော့ချရေးကုထုံးအဖြစ် FDA က သုံးစွဲခွင့်ပေး

**နယူးယောက် နိုဝင်ဘာ ၁၀**

အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) သည် ဆီးချိုရောဂါဆေးတစ်မျိုးကို ကိုယ်အလေးချိန်လျှော့ချရေးကုထုံးတစ်မျိုးအဖြစ် သုံးစွဲခွင့်ပေးလိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ကိုယ်အလေးချိန် လျှော့ချရေးကုထုံးအဖြစ် FDA က အသုံးပြုခွင့်ပေးခဲ့သည့် ဆီးချိုရောဂါဆေးမှာ Zepbound (Tirzepatide) အမည်ရှိ ဆေးဖြစ်ကြောင်း သိရသည်။

Zepbound ဆေးသည် အစာခြေ လမ်းကြောင်းစနစ်အတွင်းရှိ Hormone Receptor ခေါ် မော်လီကျူးများကို ထိန်းချုပ်ခြင်းဖြင့် အစာစားလိုစိတ်ကို ဖိနှိပ်ပေးထားနိုင်ကြောင်း FDA ကြေညာချက်၌ ဖော်ပြထားသည်။

လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာတွင် ဆီးချိုမရှိသော်လည်း Zepbound ဆေးကို သုံးစွဲသူများသည် မသုံးစွဲသူများနှင့်နှိုင်းယှဉ်ပါက ကိုယ်အလေးချိန်ကျဆင်းမှု ၁၈ ရာခိုင်နှုန်းပိုများကြောင်း သိရသည်။

Zepbound ဆေးကို ဆီးချိုရောဂါဆေးအဖြစ် အသုံးပြုရန် FDA က ယခင်ကပင် အတည်ပြုချက် ပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးကို အင်ဒီယာနာပြည်နယ်အခြေစိုက် Lilly ဇီဝနည်းပညာကုမ္ပဏီက ထုတ်လုပ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ပဋိသန္ဓေတားဆေးများသောက်ရသော အမျိုးသမီးများ၌ ဦးနှောက်အစိတ်အပိုင်း ပြောင်းလဲနိုင်

**အော့တဝါ နိုဝင်ဘာ ၁၀**

ပဋိသန္ဓေတားဆေးများ သောက်ရမှုကြောင့် အမျိုးသမီးများ၌ စိတ်ခံစားမှုနှင့် စိုးရိမ်သောကတို့အတွက် တာဝန်ရှိသော ဦးနှောက်အစိတ်အပိုင်းတစ်မျိုး ပြောင်းလဲသွားနိုင်ကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ကနေဒါ သုတေသနပညာရှင်များသည် အသက် ၂၃ နှစ်နှင့် ၃၅ နှစ်ကြား အမျိုးသမီးပေါင်း ၁၃၉ ဦးကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ပဋိသန္ဓေတားဆေးသောက်သုံးသူ အမျိုးသမီးများသည် မသောက်သုံးသူ အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက Frontal Lobe ခေါ် ဦးနှောက်နယ်မြေထူထည် ပို၍ပါးလွှာနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Frontal Lobe ဦးနှောက်နယ်မြေသည် စိတ်လှုပ်ရှားမှု၊ စိုးရိမ်သောကနှင့်ကြောက်စိတ်တို့အတွက် တာဝန်ရှိပြီး ၎င်းနယ်မြေပါးလွှာမှုကြောင့် စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေရှိသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ ပဋိသန္ဓေတားဆေးသောက်သုံးနေကြရသူ အမျိုးသမီး အရေအတွက်မှာ သန်း ၁၅၀ ကျော်ထိ ရှိကြောင်း သိရသည်။

ပဋိသန္ဓေ တားဆေးများမှာ သာမန်အားဖြင့် ဘေးကင်းမှုရှိသော်လည်း စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ ရှိလာခြင်းကဲ့သို့ ဘေးထွက်ဆိုးကျိုးတချို့လည်း ရှိနေတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ် ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်များ

ML

**အေဗီလာ Vs ဖူလ်ဟမ်**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖူလ်ဟမ် ၀ - ၂ အေဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေဗီလာ | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |
| ဖူလ်ဟမ် | - | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |

ခြေစွမ်းပိုင်းထက်မြက်နေတဲ့ အေဗီလာအသင်းဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲအနိုင်ရထားပြီး တိုက်စစ်ပိုင်းက ကိုးဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းကတော့ ကစားပုံကောင်းပေမဲ့ ခံစစ်ပိုင်းအားနည်းချက်တွေကြောင့် ပွဲတိုင်းပေးဂိုးရှိခဲ့ပြီး ရလဒ်ကောင်းဖို့ရုန်းကန်နေရတာပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အေဗီလာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အေဗီလာ ၂ - ၁ ဖူလ်ဟမ်**

**ဝက်စ်ဟမ်း Vs နော်တင်ဟမ်**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝက်စ်ဟမ်း ၄ - ၀ နော်တင်ဟမ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |
| နော်တင်ဟမ် | - | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

ဝက်စ်ဟမ်းအသင်းဟာ အမှတ်ပေးပွဲလေးပွဲဆက် နိုင်ပွဲမရသေးဘဲ ရလဒ်ပိုင်းကျဆင်းနေတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ ရမှတ်စုဆောင်းနိုင်ဖို့ အစွမ်းကုန်ကြိုးစားလာမှာပါ။ နော်တင်ဟမ်ကတော့ ပြီးခဲ့တဲ့ပွဲမှာ အေဗီလာကိုအနိုင်ရခဲ့ပေမဲ့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘဲ အဝေးကွင်းမှာလဲ ခံစစ်ပိုင်းက ပေးဂိုးများနေတာကြောင့် ဝက်စ်ဟမ်းတိုက်စစ်ကိုပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ကစားသမားစုဖွဲ့မှုနဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရထားတဲ့ဝက်စ်ဟမ်းကို ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဝက်စ်ဟမ်း ၂ - ၀ နော်တင်ဟမ်**

# အီတလီစီးရီးအေ ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်

ML

**အူဒီနီးစ် Vs အတ္တလန်တာ**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အတ္တလန်တာ ၀ - ၀ အူဒီနီးစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အူဒီနီးစ် | - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(နိုင်) |
| အတ္တလန်တာ | - | ဝေး(နိုင်) | အိမ်(ရှုံး) | အိမ်(နိုင်) |

အူဒီနီးစ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အေစီမီလန်ကိုအနိုင်ရခဲ့ပေမဲ့ ခြေစွမ်းပိုင်းက ထင်သလောက်မဟုတ်ခဲ့ဘဲ အခုရာသီအိမ်ကွင်းပွဲစဉ်တွေမှာ နိုင်ပွဲမရသေးတာကိုတွေ့ရမှာပါ။ အတ္တလန်တာကတော့ အသင်းလိုက်ကစားအားနဲ့ တိုက်စစ်ထက်မြက်နေတာကြောင့် ပြိုင်ပွဲစုံမှာရလဒ်ကောင်းနေတဲ့အပြင် အခုလိုခြေစွမ်းပိုင်းအားနည်းတဲ့အသင်းနဲ့တွေ့ချိန်မှာ အမှတ်ပေးဇယားထိပ်ဆုံးကိုရောက်ဖို့ နိုင်ပွဲရှာလာမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းသာလွန်နေတဲ့ အတ္တလန်တာကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အူဒီနီးစ် ၁ - ၂ အတ္တလန်တာ**

## အားကစားသတင်း အတိုအထွာများ

- ကွင်းလယ်ကစားသမားမေဆင်မောင့်အနေဖြင့် ကြံ့ခိုင်မှုမပြည့်ဝသေးသည့်အတွက် ပွဲကစားချိန်လျှော့နည်းခဲ့ကြောင်း နည်းပြတန်ဟတ်က ဖြေရှင်းပြောကြားခဲ့သည်။
- ခြေချင်းဝတ်ဒဏ်ရာရခဲ့သည့် မက်ဒီဆင်သည် အင်္ဂလန်အသင်းနှင့်ကစားရမည့် ယူရိုခြေစစ်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း စပါးအသင်းက ထုတ်ပြန်ခဲ့သည်။

ML

# ယခုနှစ် ယူရိုပါလိဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်း ပထမဆုံးရှုံးပွဲကြုံတွေ့



**လန်ဒန် နိုဝင်ဘာ ၁၀**

ယူရိုပါလိဂ် အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ပြင်သစ်ကလပ် တူးလော့အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် တူးလော့အသင်းက လီဗာပူးအသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် လီဗာပူးအသင်းအနေဖြင့် ယခုနှစ် ဥရောပပြိုင်ပွဲတွင် ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

လီဗာပူးအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲသို့ ယခုနှစ်မှဝင်ရောက်ကစားခဲ့ရသော်လည်း အဖွင့်ပွဲစဉ်တွင် လက်လင့်အသင်းကို သုံးဂိုးတစ်ဂိုး၊ ဒုတိယပွဲစဉ်တွင် စိန့်ဂျီလိုစီအသင်းကို နှစ်ဂိုးဂိုးမရှိ၊ တတိယပွဲစဉ်တွင် တူးလော့အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ယခု ဒုတိယအကျော့တွင် တူးလော့အသင်းကို မထင်မှတ်ဘဲ သုံးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ပထမဆုံးရှုံးပွဲ ကြုံတွေ့ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းသည် အဝေးကွင်းတွင် သွားရောက်ကစားခဲ့ရပြီး အရန်ကစားသမားအများစုဖြင့်သာ ပွဲထွက်လာခဲ့ရာ ပွဲချိန် ၃၆ မိနစ်တွင် တူးလော့အသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ချေပဂိုးရရှိရေးအတွက် ကြိုးပမ်းခဲ့သော်လည်း ပွဲကစားချိန် ၅၈ မိနစ်တွင် တူးလော့အသင်းက ဒုတိယဦးဆောင်ဂိုး ထပ်မံ သွင်းယူခဲ့သောကြောင့် လီဗာပူးအသင်းက တိုက်စစ်မြှင့်ကစားခဲ့ရာ ပွဲချိန် ၇၄ မိနစ်တွင် ချေပဂိုးပြန်လည်ရရှိခဲ့ပြီး လေးမိနစ်အကြာတွင် တူးလော့အသင်းက တတိယဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့ရာ ဖိအားအောက်ကျရောက်ခဲ့ကာ ပွဲချိန် ၈၉ မိနစ်တွင် ဒုတိယချေပဂိုး သွင်းယူနိုင်ခဲ့သော်လည်း တူးလော့အသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အုပ်စု(E) ပွဲစဉ်များအပြီးတွင် လီဗာပူးအသင်းက ရမှတ်ကိုးမှတ်ဖြင့် အဆင့်(၁)၊ တူးလော့အသင်းက ရမှတ် ခုနစ်မှတ်ဖြင့် အဆင့်(၂)၊ စိန့်ဂျီလိုစီအသင်းက ရမှတ်လေးမှတ်ဖြင့် အဆင့်(၃)၊ လက်လင့်အသင်းက ရမှတ်သုံးမှတ်ဖြင့်အဆင့်(၄)တွင် ရပ်တည်နေပြီး ယနေ့ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်များအပြီးတွင် လေဗာကူဆင်အသင်းကသာ (၁၆) သင်းရှုံးထွက်အဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : ML

# ဂိုးသမားကီပါ ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တနှစ်ပတ်ကျော်အနားယူရမည်ဟု ရီးရဲလ်မက်ဒရစ်ထုတ်ပြန်

**မက်ဒရစ် နိုဝင်ဘာ ၁၀**

ရီးရဲလ်မက်ဒရစ်ဂိုးသမား ကီပါသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကစားမည့် ဘရာဂါအသင်းနှင့်ပွဲစဉ်မတိုင်မီ သွေးပူလေ့ကျင့်ခန်းပြုလုပ်ချိန်တွင် ကြွက်သားဒဏ်ရာ ရရှိခဲ့သောကြောင့် အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရပြီး ယခုအခါ ရက်သတ္တနှစ်ပတ်ကျော် အနားယူရမည်ဟု အသင်းတာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။

ဂိုးသမားကီပါသည် ဘရာဂါနှင့်ကစားရမည့်အသင်းလူစာရင်းတွင် ပါဝင်ခဲ့သော်လည်း ပွဲကစားမီ သွေးပူလေ့ကျင့်ခန်း ပြုလုပ်ချိန်တွင် ကြွက်သားဒဏ်ရာရခဲ့သဖြင့် ဂိုးသမား လူနင်နှင့် လူစားထိုးခဲ့ရပြီး ၎င်း၏ဒဏ်ရာကို စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဒဏ်ရာပြင်းထန်မှုမရှိသော်လည်း ၁၅ ရက်ကျော်အနားယူရမည်ဖြစ်ကြောင်း အသင်းဆေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။

အဆိုပါဒဏ်ရာကြောင့် ကီပါသည် လာမည့် ဗလင်စီယာအသင်းနှင့်ပွဲစဉ်အပါအဝင် နိုင်ငံတကာပြိုင်ပွဲကာလထိ အနားယူရမည်ဖြစ်ပြီး လာမည့်အမှတ်ပေးပွဲစဉ်အဖြစ် ကာဒီဇက်အသင်းနှင့် နိုဝင်ဘာ ၂၃ ရက်တွင် ကစားရမည့် နာပိုလီအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တို့တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။

လက်ရှိတွင် ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းမှ လူငယ်ကစားသမားများ ဖြစ်ကြသည့် တိုက်စစ်မှူးဗင်နီစီးယက်စ်၊ ရိုဒရီဂိုကာမာဗင်ဂါတို့ကို သက်တမ်းတိုးနိုင်ခဲ့ပြီးနောက် တောင်ပံကစားသမား ဗယ်ဗာဒီကိုလည်း ပြီးခဲ့သည့်ကြာသပတေးနေ့က လာမည့် ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကာ ခြေစွမ်းပြကစားသမားများကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

Ref : Sputnik

Trs : ML

# Sofia Open တင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်သို့ ဂျန်လန်နက်တက်ရောက်

**ဆိုဖီယာ နိုဝင်ဘာ ၁၀**

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တွင် ကျင်းပနေသည့် Sofia Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီ တင်းနစ်ကစားသမား ဂျန်လန်နက်နှင့် ဟန်ဂေရီ တင်းနစ်ကစားသမား မာရို့ဇ်ဆန်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်လန်နက်က (၇-၆၊ ၄-၆၊ ၆-၄)ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်လန်နက်နှင့် မာရို့ဇ်ဆန်တို့ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲကစားချိန်မှာ ၁ နာရီ ၅၈ မိနစ်ထိ ကြာမြင့်ခဲ့သည်။

ဂျန်လန်နက်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ဗြိတိန်တင်းနစ်ကစားသမား ဒရက်ပါနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ဒရက်ပါသည် ဆီမီးဖိုင်နယ်အဆင့်ကို သက်သောင့်သက်သာဖြင့် တက်ရောက်နိုင်ခဲ့သော်လည်း ဂျန်လန်နက်သည် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီးမှ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ပွဲပန်းဒဏ်ခံနေရကြောင်း သိရသည်။

ဂျန်လန်နက်က "မာရို့ဇ်ဆန်နဲ့ပွဲစဉ်က တော်တော်လေးကိုအကြိတ်အနယ်ရှိခဲ့တယ်။ နှစ်ယောက်စလုံးကလဲ စွမ်းဆောင်ရည်ပိုင်းလယ်ဗယ်တစ်ခုမှာ ရှိနေခဲ့ကြတယ်။ အထူးသဖြင့် ပထမပွဲငယ်မှာ နှစ်ယောက်စလုံး ပုံစံကောင်းရခဲ့ပြီး စွမ်းဆောင်ရည်တွေကောင်းခဲ့ကြတယ်။ ဒုတိယပွဲငယ်မှာတော့ ကျွန်တော့်အနေနဲ့ အမှားများခဲ့တယ်။ Double fault တွေလဲကျူးလွန်ခဲ့တယ်။ မျှော်လင့်မထားတဲ့အမှားတွေ ကျူးလွန်မိခဲ့ပါတယ်။ တတိယပွဲငယ်မှာတော့ အမှားတွေကို အကောင်းဆုံးပြင်ဆင်နိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရမဲ့နိုင်ပွဲကို ရှာဖွေနိုင်ခဲ့ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာလဲ ကွာတားဖိုင်နယ်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်မျိုးနဲ့ကစားနိုင်အောင် အတတ်နိုင်ဆုံးအာရုံစိုက်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။




Ref : RT

Trs : AZL

# (၁၄)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်နှင့် ငွေတံဆိပ်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် တောင်ကိုရီးယား ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်တို့ပူးပေါင်းပြီး တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၁၄)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်နှင့် ငွေတံဆိပ်တို့ရရှိခဲ့ကြောင်း သိရသည်။




(၁၄)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ငြိမ်းချမ်းက Man Sport Physique up to 175 cm ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရွှေတံဆိပ်ကို ဆွတ်ခူးခဲ့သည်။

အလားတူ ရဲထွန်းနောင်က ကာယဗလအားကစားနည်း ၇၀ ကီလိုတန်း၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ဒုတိယဆုဖြစ်သည့် ငွေတံဆိပ်တို့ကို အသီးသီးဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ (၁၄)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို ပြီးခဲ့သည့် စက်တင်ဘာ ၆ ရက်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကာ မြန်မာနိုင်ငံမှ ရဲထွန်းနောင်နှင့် ငြိမ်းချမ်းတို့နှစ်ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**STA**

# Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို ပါချာရာ ဦးဆောင်

**ဟောင်ကောင် နိုဝင်ဘာ ၁၀**

တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ ကျင်းပနေသည့် Hong Kong Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ထိုင်းဂေါက်သီးရိုက်ကစားသမား ပါချာရာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမနေ့တွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်နှင့်တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ဘယ်ဆန်မွန်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကင်မရွန်းစမစ်အနေဖြင့် ဒုတိယနေ့တွင် ရလဒ်ပိုင်းကျဆင်းခဲ့ရသော်လည်း အမှတ်ပေးဇယားကိုဦးဆောင်နေသည့် ပါချာရာနှင့် ရိုက်ချက်တစ်ချက်သာ ကွာဟခဲ့သည်။

ကင်မရွန်းစမစ်အနေဖြင့် နေရာဒေသအပြောင်းအလဲကြောင့် အိပ်ချိန်အနည်းငယ်ပြောင်းလဲမှုရှိခဲ့ပြီး မနက်အစောပိုင်း ပြိုင်ပွဲဝင်ရသည့် အခြေအနေကြောင့် လှုပ်ရှားမှုပိုင်း အနည်းငယ်အခက်အခဲရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကင်မရွန်းစမစ်က "မနက်အစောကြီး ထရတော့ လူကသိပ်မလန်းဆန်းဘူး ဖြစ်နေတယ်။ သိပ်ပြီးမလန်းဆန်းတဲ့အတွက် လှုပ်ရှားမှုပိုင်းကလဲ လေးလံထိုင်းမှိုင်းနေခဲ့တယ်။ ပထမနေ့လောက် ကောင်းအောင်မကစားနိုင်ခဲ့ပေမဲ့ ရလဒ်ပိုင်းက ဆိုးဆိုးရွားရွားကျဆင်းသွားတာမဟုတ်တဲ့အတွက်ကြောင့် အဆင်ပြေပါတယ်။ ဒုတိယနေ့ရလဒ်က ပထမနေ့လောက်မကောင်းခဲ့ပေမဲ့ ဒုတိယနေ့မှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ပိုင်းကို အားရကျေနပ်မှုရှိပါတယ်။ တတိယနေ့မှာ ဒီထက်ပိုကောင်းအောင်ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# အေအက်ဖ်စီဖလားပြိုင်ပွဲ ရှမ်းယူနိုက်တက်အသင်းနှင့် ဖိလစ်ပိုင်ကလပ်ဆီဘူးအသင်းတို့ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်




**ရန်ကုန် နိုဝင်ဘာ ၁၀**

အေအက်ဖ်စီဖလားပြိုင်ပွဲအုပ်စုပွဲစဉ်အဖြစ် နိုဝင်ဘာ ၉ ရက် ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ဖိလစ်ပိုင်ကလပ်ဆီဘူးအသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း နှစ်ဖက်အသင်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံး ပိုမိုတိုက်စစ်မြှင့် ဖိအားပေးကစားလာခဲ့ပြီး ပွဲချိန် ၄၉ မိနစ်တွင် ဂျူနီယာက ဆီဘူးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၈၁ မိနစ်တွင် ဇွဲခန့်မင်းက ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြ ဦးဟန်ဝင်းအောင်က "အခွင့်အရေးတွေရပါလျက်နဲ့ အနိုင်မရရှိတာတော့ အားမရဖြစ်မိပါတယ်။ ကျွန်တော်တို့ ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီး ရှေ့ဆက်သွားမှာပါ။ ကျွန်တော်တို့အသင်း ပွဲစဉ်ကို ကွင်းထဲလာပြီး ကြည့်ရှုခဲ့ကြတဲ့ တောင်ကြီးပရိသတ်တွေနဲ့ တစ်နိုင်ငံလုံးက ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

အေအက်ဖ်စီဖလားပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပွဲစဉ်လေးပွဲကစားပြီးချိန်၌ တစ်ပွဲသရေ၊ သုံးပွဲရှုံး ရမှတ် တစ်မှတ်ဖြင့် အုပ်စုအောက်ဆုံးတွင်ရပ်တည်နေပြီး နိုဝင်ဘာ ၁၁ ရက်တွင် ဩစတြေးလျကလပ် မကာသာအသင်းနှင့် ဆက်လက်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**STA**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

STA

**လေဗာကူဆင် Vs ယူနီယံဘာလင်**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ယူနီယံဘာလင် ၀ - ၀ လေဗာကူဆင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | - | ဧး(နိုင်) | ဧး(နိုင်) | ဧး(နိုင်) |
| ယူနီယံဘာလင် | - | ဧး(ရှုံး) | အိမ်(ရှုံး) | ဧး(သရေ) |

ဒီရာသီ ပြိုင်ပွဲစုံရှုံးပွဲမရှိသေးဘဲ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲရယူထားတဲ့ လေဗာကူဆင်အသင်းရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ယူနီယံဘာလင်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ လေးပွဲရှုံး၊ တစ်ပွဲသရေကျထားပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လေဗာကူဆင်အသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း - လေဗာကူဆင် ၃ - ၀ ယူနီယံဘာလင်**

## စပိန်လာလီဂါ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်

STA

**ဘာစီလိုနာ Vs အလာဗက်**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၃ (ည ၀၉း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အလာဗက် ၀ - ၁ ဘာစီလိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | - | အိမ်(ရှုံး) | ဧး(နိုင်) | ဧး(ရှုံး) |
| အလာဗက် | - | ဧး(ရှုံး) | ဧး(နိုင်) | အိမ်(နိုင်) |

အလာဗက်အသင်းဟာ နှစ်ပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြသနေတယ်ဆိုပေမဲ့ ဘာစီလိုနာအသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဘာစီလိုနာအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေတယ်ဆိုပေမဲ့ အလာဗက်အသင်းကို ဖိအားပေးနိုင်တာကြောင့် တွေ့ဆုံမှုပိုင်းမှာအသာရနေတဲ့ ဘာစီလိုနာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘာစီလိုနာ ၂ - ၀ အလာဗက်**

## ပြင်သစ်လီဂူး ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်များ

STA

**လိုင်လီ Vs တူးလော့**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၃ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**တူးလော့ ၀ - ၂ လိုင်လီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | - | အိမ်(နိုင်) | ဧး(သရေ) | ဧး(သရေ) |
| တူးလော့ | - | ဧး(ရှုံး) | အိမ်(ရှုံး) | အိမ်(နိုင်) |

နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ လိုင်လီအသင်းဟာ အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိအောင် ကြိုးစားလာမှာပါ။ တူးလော့အသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒီပွဲမှာ ထိပ်တိုက်တွေ့ဆုံတိုင်းအသာစီးရယူထားတဲ့ လိုင်လီအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုင်လီ ၂ - ၁ တူးလော့**

**ရင်းနက် Vs လိုင်ယွန်**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၃ (ည ၁၀း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်ယွန် ၃ - ၁ ရင်းနက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရင်းနက် | - | အိမ်(သရေ) | ဧး(ရှုံး) | အိမ်(နိုင်) |
| လိုင်ယွန် | - | အိမ်(သရေ) | အိမ်(ရှုံး) | အိမ်(သရေ) |

ဒီရာသီတစ်ပွဲမှ နိုင်ပွဲမရရှိသေးတဲ့ထိ ခြေစွမ်းပိုင်းဆိုးရွားနေတဲ့ လိုင်ယွန်အသင်းအတွက် အခုပွဲစဉ်မှာလဲ ရှုန်းကန်ရပါလိမ့်မယ်။ ရင်းနက်အသင်းကတော့ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံမာကျောမှုရှိတဲ့ အသင်းဖြစ်လို့ လိုင်ယွန်အသင်းကိုဖိအားပေးနိုင်မှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ ရင်းနက်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**အင်တာနက်ခန့်မှန်း - ရင်းနက် ၁ - ၀ လိုင်ယွန်**

# အာဆီယံအသင်းကြီးအတွက် စဉ်းစားရန်လိုအပ်လာသော အဖွဲ့ဝင်နိုင်ငံများ




အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN) သည် ၎င်း၏ကြားနေဝါဒကို ထိန်းသိမ်းထားနိုင်ရန် အမြဲတစေ အလေးထားဆောင်ရွက်လျက်ရှိသည်။ အာဆီယံသည် ဗိုလ်ကျစိုးမိုးရေး ကြိုးပမ်းမှုမှန်သမျှတွင် ပါဝင်ပတ်သက်မှုမရှိစေရန် ခပ်ကင်းကင်းနေထိုင်လျက်ရှိသည်။ ထို့ပြင် အရှေ့အာရှထိပ်သီးညီလာခံ (EAS)နှင့် အာဆီယံဒေသတွင်း ဖိုရမ် (ARF) ကဲ့သို့သော တွေ့ဆုံဆွေးနွေးမှုများတွင် မဟာအင်အားကြီးနိုင်ငံများကို ကမ်းလှမ်းဖိတ်ကြားခြင်းဖြင့် အာဆီယံကိုယ်တိုင်သည်ပင်လျှင် မောင်းနှင်သူနေရာတွင် နေထိုင်ရင်း ဟန်ချက်ထိန်းညှိသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ အထူးသဖြင့် အာဆီယံအသင်းကြီးသည် တစ်မူထူးခြားသော အနေအထားရရှိနိုင်ရန် ကိုယ်တိုင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့သော် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရန့်သည် EAS တွင် စိတ်ပါဝင်စားမှု တစ်စုံတစ်ရာမျှ ပြသခဲ့ခြင်းမရှိသည့်အပြင် ၎င်းထိပ်သီးညီလာခံသို့လည်း တက်ရောက်ခဲ့ခြင်း မရှိပေ။ အာဆီယံအနေဖြင့် ၎င်းကိစ္စအပေါ် ပြင်းပြင်းထန်ထန်ခံစားနေခြင်းမရှိပေ။ သို့သော် ဂျိုးဘိုင်ဒင်အစိုးရအနေဖြင့်မူ အာဆီယံအပေါ် အလေးထားဆက်ဆံသည့် အရိပ်အယောင်ပြလာခဲ့သည့်အတွက် အပြန်အလှန်အားဖြင့် အာဆီယံအနေဖြင့်လည်း EAS တွင် အမေရိကန်ပြန်လည်တက်ရောက်မှုကို လက်ခံကြိုဆိုခဲ့သည်။ ၂၀၂၂ ခုနှစ် မေလတွင် အမေရိကန်၌ အမေရိကန်-အာဆီယံ အထူးထိပ်သီးဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါထိပ်သီးဆွေးနွေးပွဲ၌ သမ္မတဂျိုးဘိုင်ဒင်က မိမိတို့အနေဖြင့် ခေတ်သစ်ကာလကိုချီတက်နေပြီဖြစ်ကြောင်း၊ အမေရိကန် - အာဆီယံ ဆက်ဆံရေး ခေတ်သစ်ကာလ ရောက်ရှိလာပြီဖြစ်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ပြန်ကြေညာသွားခဲ့သည်။ ထို့ကြောင့် အမေရိကန်-အာဆီယံ ဆက်ဆံရေးသည် အကောင်းဘက်သို့ ပြန်လှည့်လာခဲ့သည်။

သို့သော် စက်တင်ဘာလတွင် အရှေ့အာရှ၌ကျင်းပခဲ့သည့် EAS သို့မူ ဒုတိယသမ္မတ ကာမလာဟဲရစ်ကိုသာ စေလွှတ်ခဲ့သည်။ ဘိုင်ဒင်သည် EAS ကျင်းပပြီးနောက် အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် G-20 ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး အပြန်ခရီးတွင် ဗီယက်နမ်သို့ ဝင်ရောက်လည်ပတ်ခဲ့သည်။ သမ္မတဘိုင်ဒင်သည် ဗီယက်နမ်နိုင်ငံသို့ရောက်ရှိစဉ် အမေရိကန်-ဗီယက်နမ်ဆက်ဆံရေးကို တရုတ်၊ ရုရှားတို့နှင့်အပြိုင် ပြီးပြည့်စုံသော မိတ်ဖက်ဆက်ဆံရေးမှ ပြီးပြည့်စုံသောမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ မြှင့်တင်ခဲ့သောကြောင့် အမေရိကန်-ဗီယက်နမ် ဆက်ဆံရေးတွင် ခေတ်သစ်ကာလကို ကြိုဆိုခဲ့သည်။

EAS တွင် ဘိုင်ဒင် တက်ရောက်မှုမရှိခြင်းသည် ဗီယက်နမ်မှအပ ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများကို စိတ်ပျက်စေလျက်ရှိပြီး အထူးသဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အာဆီယံအလှည့်အကျသဘာပတိအဖြစ် ထမ်းဆောင်နေသော အင်ဒိုနီးရှားနိုင်ငံသည် ပိုမိုစိတ်ပျက်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ ဒေသပြင်ပရှိ နိုင်ငံများသည် အာဆီယံနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံ သဘောထားသည်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အာဆီယံ၏ အဓိကကျသော ရည်မှန်းချက်များအနက် တစ်ခုသည် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာထိန်းသိမ်းရန်နှင့် ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားကို ကိုယ်တိုင်သတ်မှတ်ဖော်ဆောင်သွားရန်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဒေသ၏အကျိုးစီးပွားတစ်ရပ်လုံးကို အလေးထားဆောင်ရွက်ခြင်းနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တူညီသောလားရာသို့ ချီတက်ခြင်းဖြင့် အာဆီယံအသင်းကြီးသည် အင်အားကြီးနိုင်ငံများနှင့် ၎င်း၏အာဏာတို့ကို ဟန်ချက် ထိန်းညှိထားနိုင်ခြင်းဖြစ်သည်။

သို့သော် လွန်ခဲ့သော ဆယ်စုနှစ်အတွင်းအာဆီယံအဖွဲ့ဝင်နိုင်ငံများကြား စည်းလုံးညီညွတ်မှု သိသိသာသာ ကျဆင်းလာခဲ့သည်ကို တွေ့မြင်ရသည်။ ၂၀၁၂ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ အလှည့်ကျသဘာပတိ ကမ္ဘောဒီးယားနိုင်ငံသည် တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ တောင်းဆိုချက်များကို ထောက်ခံခဲ့သောကြောင့် အစည်းအဝေး၌ ပူးတွဲထုတ်ပြန်ချက်ထုတ်ပြန်နိုင်ခဲ့ခြင်းမရှိပေ။ ၎င်းဖြစ်စဉ်သည် အာဆီယံစတင်ဖွဲ့စည်းစဉ်ကတည်းက ပထမဆုံးဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မကြာသေးမီအချိန်အတွင်းကပင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံအရေးအပေါ် တုံ့ပြန်ရာတွင်လည်း အမြင်သဘောထားကွဲလွဲလျက်ရှိကြသည်။

စီးပွားရေးသည် လက်ရှိအချိန်ထိ အာဆီယံပူးပေါင်းမှု၏မောင်းနှင်အားဖြစ်သော်လည်း အဖွဲ့ဝင်နိုင်ငံများသည် မကြာသေးမီ အချိန်အတွင်းကပင် ဒေသတွင်းစည်းလုံးမှုနှင့် အကျိုးစီးပွားများကိုလျစ်လျူရှုလျက် ကိုယ်ပိုင်အစီအစဉ်ဖြင့် လုပ်ဆောင်လာလျက်ရှိသည်။ သာဓကအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသည် သတ္တုသန့်စင်မှုလုပ်ငန်းစဉ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရေး၊ တန်ဖိုးမြင့်တွင်းထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေး ရည်ရွယ်ချက်ဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် နီကယ်ကုန်ကြမ်းတင်ပို့မှုကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် ဇွန်လတွင် ဘောက်ဆိုက်သတ္တုကုန်ကြမ်း တင်ပို့မှုကိုလည်းကောင်း တားမြစ်ခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)က အဆိုပါ တားမြစ်မှုများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ သဘောတူညီချက်များ ချိုးဖောက်မှုအဖြစ် ချမှတ်ခဲ့သော်လည်း အင်ဒိုနီးရှားနိုင်ငံသည် ပိတ်ဆို့မှုများဖယ်ရှားပေးသွားမည့်လက္ခဏာ တစ်စုံတစ်ရာမျှ ပြသခဲ့ခြင်းမရှိပေ။

အင်ဒိုနီးရှား၏ အဆိုပါသဘောတရားသည် အခြားနိုင်ငံများသို့လည်း ပျံ့နှံ့သွားလျက်ရှိသည်။ ဖိလစ်ပိုင်အနေဖြင့် ပြည်ပပို့ကုန်တင်ပို့မှုကို တားမြစ်ခြင်းမရှိသော်လည်း နီကယ်သတ္တုရိုင်းတင်ပို့မှုအပေါ် အခွန် ၁၀ ရာခိုင်နှုန်းခန့် တိုးမြှင့်ကောက်ခံသွားမည့် အစီအမံများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ဆွေးနွေးခဲ့သည်။ စက်တင်ဘာ ၁၁ရက်တွင် မလေးရှား ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ၎င်းတို့နိုင်ငံအနေဖြင့် အရင်းအမြစ်များဆုံးရှုံးမှုနှင့် အသုံးချခံရမှုများကို တားဆီးရန်အတွက် မြေရှားဒြပ်စင်များ တင်ပို့မှုကို တားဆီးရန် စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။

တစ်ခုတည်းသောဈေးကွက်နှင့် ကုန်ထုတ်လုပ်မှုဖန်တီးရန် အာဆီယံ၏ကြိုးပမ်းမှုများသည် စီးပွားရေးတိုးတက်မှု မောင်းနှင်အားဖြစ်သည့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသည်။ သို့သော် အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ အကျိုးစီးပွား ဦးစားပေးပြီး အာဆီယံပေါင်းစည်းမှုကို အင်အားချည့်နဲ့အောင် ဆောင်ရွက်သွားမည်ဆိုလျှင် ပေါင်းစည်းရင်းနှီးမြှုပ်နှံမှုများသည် ပြည်တွင်းဈေးကွက် ကြီးမားပြီး အထောက်အပံ့ရှိသော နိုင်ငံများသို့ စီးဆင်းသွားမည်ဖြစ်ကာ နိုင်ငံငယ်များသည် အခွင့်အရေး လက်လွှတ်ဆုံးရှုံးရဖွယ်ရှိနေသည်။

အဆိုပါ စိုးရိမ်ပူပန်မှုနှင့်စပ်လျဉ်း၍ စက်တင်ဘာလက ကျင်းပခဲ့သည့် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် အာဆီယံဖွံ့ဖြိုးမှု ဗဟိုချက်ဆိုသည့် အာဆီယံရေးရာဆိုင်ရာ ASEAN Concord IV Jakarta Declaration ၌ အသေးစိတ်ဖော်ပြထားရှိသည်။ အဆိုပါကြေညာချက်သည် အာဆီယံပေါင်းစည်းမှုသဟဇာတရှိလာရေးအပေါ် ထောက်ခံထားရှိသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံကလည်း အာဆီယံအသင်းကြီးအပေါ် သံသယရှိလာမှုများ၊ ချိတ်ဆက်မှုပြတ်တောက်လာမှုများနှင့် အင်ဒို-ပစိဖိတ်ဒေသအတွင်းသို့ သွတ်သွင်းခံရမှုတို့နှင့်စပ်လျဉ်း၍ သတိပေးထားရှိသည်။ အာဆီယံအသိုက်အဝန်းသည် အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများအတွက် များစွာအရေးပါလျက်ရှိကြောင်း၊ အာဆီယံဒေသ၊ အင်ဒို-ပစိဖိတ်ဒေသနှင့်အခြားသော နယ်ပယ်များဖွံ့ဖြိုးတိုးတက်မှု၏ ဗဟိုချက်မဖြစ်ကြောင်း အဖွဲ့ဝင်နိုင်ငံများက ထုတ်ပြန်ကြေညာခဲ့သည်။

အာဆီယံဗဟိုပြုမှုကိုထည့်သွင်းစဉ်းစားခြင်းမရှိဘဲ တစ်နိုင်ငံချင်းစီ၏ အကျိုးစီးပွားကို ရှေ့တန်းတင်သော မူဝါဒကို လျစ်လျူရှုထားမည်ဆိုလျှင် ကမ္ဘာ့ဖွံ့ဖြိုးမှုဗဟိုချက်မဖြစ်လာရေးဆိုသည့် အာဆီယံအသင်းကြီး၏ ရပ်တည်ချက်ပျက်ပြယ်သွားဖွယ်ရာ ရှိနေသည်။ အာဆီယံအနေဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်လိုသော စိတ်ဓာတ်ကို အဖူးအညွှန့်ဘဝကတည်းကပင် ခူးဆွတ်သွားရန်လိုအပ်ပေသည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် အာဆီယံဘုံသဘောတူညီချက် အကောင်အထည်ဖော်နိုင်ရေးအတွက် အနှောင်အဖွဲ့ကင်းစွာဖြင့် လုပ်ဆောင်သွားရန် အချိန်တန်လာပြီဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ကို ၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စတင်ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် အာဆီယံကြေညာစာတမ်း (Bangkok Declaration) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဘရူနိုင်းနိုင်ငံသည် ၁၉၈၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံသည် ၁၉၉၅ ခုနှစ် ဇူလိုင် ၂၈ ရက်တွင်လည်းကောင်း၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၉ ခုနှစ် ဧပြီ ၃၀ ရက်တွင်လည်းကောင်း အာဆီယံအသင်းကြီးသို့ အသီးသီးဝင်ရောက်ခဲ့သဖြင့် လက်ရှိအချိန်တွင် အဖွဲ့ဝင် ၁၀ နိုင်ငံထိရှိလာပြီဖြစ်သည်။

အာဆီယံထိပ်သီးဆွေးနွေးပွဲသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်သည့် မူဝါဒချမှတ်သော အဆင့်မြင့်ဆုံး ဆွေးနွေးပွဲပင်ဖြစ်သည်။ အာဆီယံထိပ်သီးဆွေးနွေးပွဲများကို နှစ်နှစ်တစ်ကြိမ်ကျင်းပပြီး အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သည့် နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။ ပထမဆုံးသော အာဆီယံထိပ်သီးဆွေးနွေးပွဲကို ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၄ ရက်ထိ အင်ဒိုနီးရှားနိုင်ငံဘာလီမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။

ဆိုရလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်များ၊ မျှော်မှန်းချက်များ၊ ဘုံသဘောတူညီချက်များ၊ အာဆီယံ အသိုက်အဝန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တစ်နိုင်ငံချင်းစီ၏ ကိုယ်ကျိုးစီးပွားကာကွယ်လိုသည့် မူဝါဒကို လျစ်လျူရှုလျက် အာဆီယံစိတ်ဓာတ်ဖြင့် အသင်းကြီး၏အကျိုးကို မျှော်မှန်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။

❖ တစ်ခုတည်းသောဈေးကွက်နှင့် ကုန်ထုတ်လုပ်မှုဖန်တီးရန် အာဆီယံ၏ကြိုးပမ်းမှုများသည် စီးပွားရေးတိုးတက်မှု မောင်းနှင်အားဖြစ်သည့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသည်။ သို့သော် အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏အကျိုးစီးပွား ဦးစားပေးပြီး အာဆီယံပေါင်းစည်းမှုကို အင်အားချည့်နဲ့အောင် ဆောင်ရွက်သွားမည်ဆိုလျှင် ပေါင်းစည်းရင်းနှီးမြှုပ်နှံမှုများသည် ပြည်တွင်းဈေးကွက်ကြီးမားပြီး အထောက်အပံ့ရှိသောနိုင်ငံများသို့ စီးဆင်းသွားမည်ဖြစ်ကာ နိုင်ငံငယ်များသည် အခွင့်အရေး လက်လွှတ်ဆုံးရှုံးရဖွယ်ရှိနေသည်။ ❖

**ကိုးကား**

- ASEAN Members Need to Think of ASEAN By The Diplomat.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပူဇော်ပွဲ ကျင်းပသွားမည်



**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၁၆ ရက်) နှင့် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၇ ရက်)တို့တွင် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း ကျိုက်ဒေးအပ်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးသိန်းစုက ပြောပြ၍ သိရသည်။

အဆိုပါ မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပူဇော်ပွဲကို (၃၉) ကြိမ်မြောက်အဖြစ် ကျင်းပသွားမည်ဖြစ်ပြီး မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင် ရက်လုပ်ပူဇော်ပွဲကို အသက် ၁၈ နှစ်မှ အသက် ၅၀ အတွင်းရှိ ရက်ကန်းကျွမ်းကျင်သူ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ တစ်နှစ်ကို ရက်ကန်းစင်ပေါင်း ၂၀ လောက် ပါဝင်ယှဉ်ပြိုင်လေ့ရှိပါတယ်။ ဆုကြေးအနေနဲ့ ပထမဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုငွေကျပ် ၁၀ သိန်း၊ တတိယဆုငွေကျပ် ရှစ်သိန်း၊ နှစ်သိမ့်ဆုငွေကျပ် လေးသိန်းနဲ့ ဆုတံဆိပ်တွေ ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးသိန်းစုက ပြောပြသည်။

အဆိုပါ မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပူဇော်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် တစ်ပွဲလျှင် နှစ်ဦးနှုန်းဖြင့် နိုဝင်ဘာ ၁၆ ရက် ညနေ ၃ နာရီမတိုင်မီ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ အဖွဲ့လိုက် လျှောက်လွှာစာရင်းသွင်းနိုင်ကြောင်း သိရသည်။

ASH

# ပိုးဝက်ပါ ဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၄ ရက်မှစ၍ HEY Play Application နှင့် HEY Play You Tube Channel တို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်




**ရန်ကုန် နိုဝင်ဘာ ၁၀**

ပိုးဝက်ပါ ဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁၄ ရက်မှစ၍ HEY Play Application နှင့် HEY Play You Tube Channel တို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နေ့သစ်အေးအောင်က ပြောပြ၍ သိရသည်။

ပိုးဝက်ပါ ဇာတ်လမ်းတွဲသည် HEY Play ၏ Original Series တစ်ခုဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲ၏ဇာတ်လမ်း၊ ဇာတ်ညွှန်းကို MSY က ရေးသားထားခြင်းဖြစ်ကာ ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ကျွန်တော်က ဒီဇာတ်လမ်းတွဲမှာ ဇော်လေးဆိုတဲ့ အပျော်အပါးမက် လောင်းကစားကို ခုံမင်သူ ဂျစ်ကန်ကန်လူငယ်နေရာက သရုပ်ဆောင်ထားပါတယ်။ ခပ်ဆိုးဆိုး မိုက်ကန်းကန်းနဲ့ ဘယ်အလုပ်မဆို မဆင်မခြင်လုပ်တတ်သူ ပုံစံမျိုးဖြစ်အောင်လဲ အကောင်းဆုံးကြိုးစားထားပါတယ်။ ဇော်လေးက ကိုယ်ချစ်မိသူအတွက်ဆိုရင်တော့ ဘာပဲလုပ်ရလုပ်ရ အသက်ပေးချစ်မဲ့သူ ပုံစံမျိုး ပရိသတ်တွေ မြင်တွေ့ရမှာပါ"ဟု သရုပ်ဆောင် နေ့သစ်အေးအောင်က ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ချောရတနာ၊ အိချောပို၊ ချာလီ၊ နေထွဋ်၊ နေ့သစ်အေးအောင်၊ မင်းဦး၊ မင်းသူ၊ ဝမ်ဝမ်း၊ ခင်မှို့မှို့အေး၊ စိုးသူအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တာမွေမြို့နယ်ရှိ Sky Star Hotel တွင် စာရေးဆရာ အကြည်တော် ကွယ်လွန်ခြင်းတစ်နှစ်ပြည့်အဖြစ် Tribute Show တေးသီချင်းဂုဏ်ပြုသီဆိုပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ Sky Star Hotel တွင် စာရေးဆရာ အကြည်တော် ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အဖြစ် Tribute Show တေးသီချင်း ဂုဏ်ပြုသီဆိုပွဲကို နိုဝင်ဘာ ၉ ရက် ညနေပိုင်းက ကျင်းပခဲ့ကြောင်း အဆိုပါပွဲစီစဉ်သူ အကယ်ဒမီ မိရာမိုရ်က ပြောပြ၍ သိရသည်။

အဆိုပါ Tribute Show တေးသီချင်း ဂုဏ်ပြုသီဆိုပွဲတွင် စာရေးဆရာ အကြည်တော် ကိုယ်တိုင်ရေးသားခဲ့သည့် တေးသီချင်းများကို Orchestra အဖွဲ့၏ တီးခတ်မှုနှင့်အတူ အကယ်ဒမီ မိရာမိုရ်၊ အဆိုတော် အရိုး၊ ဝေလ၊ အောင်ထက်၊ နီနီခင်ဇော်တို့က ကဏ္ဍတစ်ခုအနေဖြင့် ပေါင်းစပ်ပါဝင်ထားကာ ဂီတကဗျာနှင့် ဂီတမြို့မှ အနုပညာရှင်များစွာက သီချင်း ၂၈ ပုဒ်ဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

"ဒီနေ့ပွဲကတော့ အကြည်တော်ရဲ့ တစ်နှစ်ပြည့်အမှတ်တရစာအုပ် ထုတ်ဝေတဲ့ပွဲရယ်၊ သူ့သီချင်းတွေကို Tribute လုပ်တဲ့ပွဲပါ။ Tribute ပွဲအတွက် ကျွန်တော်အဓိက ဦးဆောင်တယ်။ ပါဝင်သူတွေကတော့ အရင်ကတည်းက ကျွန်တော်တို့နဲ့ ညီအစ်ကိုဖြစ်နေတဲ့ အဆိုတော်တွေပါတယ်။ Event Management တွေပါတယ်။ ပါဝင်ကြသူတိုင်းက အကျိုးအမြတ်မယူဘဲ အနုပညာကို ကူးစက်ခံစားစေတဲ့ပွဲတစ်ပွဲပါ"ဟု အကယ်ဒမီ မိရာမိုရ်က ပြောပြသည်။

Tribute Show ဖျော်ဖြေပွဲတွင် လူဦးရေ ကန့်သတ်ထားပြီး လက်မှတ်များကို ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ရောင်းချခဲ့ကြောင်း၊ ဖျော်ဖြေပွဲအတွက် လက်မှတ် ရောင်းရငွေများကို အကြည်တော် စာကြည့်တိုက်အတွက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Legend of Zelda ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးထုတ်လုပ်ရန်စီစဉ်နေ

**နယူးယောက် နိုဝင်ဘာ ၁၀**

The Legend of Zelda ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးထုတ်လုပ်ရေးအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

သို့ရာတွင် Nintendo ကုမ္ပဏီ၏ The Legend of Zelda ဗီဒီယိုဂိမ်းများအနက် မည်သည့်ဗီဒီယိုဂိမ်းကို ရုပ်ရှင်အဖြစ် ပြောင်းလဲရိုက်ကူးမည်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

The Legend of Zelda ဇာတ်ကားကို The Maze Runner ဒါရိုက်တာ ဝက်ဘောက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။


The Legend of Zelda သည် ကမ္ဘာ့ဂိမ်းပရိသတ်များ အကြိုက်ဗီဒီယိုဂိမ်းများဖြစ်ကြပြီး ၁၉၈၆ ခုနှစ်ကပင် Nintendo ကုမ္ပဏီကစတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

The Legend of Zelda ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ရှာဖွေနေဆဲဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref: Russia Today**

**Trs: KKO**




# Deadpool-3 ဇာတ်ကားရိုက်ကူးထုတ်လုပ်မှု မကြာမီပြန်လည်စတင်နိုင်ဖွယ်ရှိ

**နယူးယောက် နိုဝင်ဘာ ၁၀**

မာဗယ်စတူဒီယိုအနေဖြင့် Deadpool-3 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို မကြာမီကာလအတွင်း ပြန်လည်စတင်နိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

ဟောလိဝုဒ်ရုပ်ရှင်သရုပ်ဆောင်များ၏ သပိတ်ပြီးဆုံးခဲ့ပြီးနောက် Deadpool-3 ဇာတ်ကားရိုက်ကူးထုတ်လုပ်မှု ပြန်လည်စတင်မည့်သတင်းပေါ်ထွက်လာခြင်းဖြစ်သည်။

Deadpool-3 ဇာတ်ကားသစ် ရိုက်ကူးရေးလုပ်ငန်း ၅၀ ရာခိုင်နှုန်းထိ ပြီးဆုံးချိန်တွင် ဟောလိဝုဒ်သရုပ်ဆောင်များနှင့်ဇာတ်ညွှန်းရေးဆရာများသပိတ်ကြောင့် ရိုက်ကူးရေးလုပ်ငန်းများ ရပ်ထားခဲ့ရခြင်းဖြစ်သည်။

ဟောလိဝုဒ် သရုပ်ဆောင်များနှင့် ဇာတ်ညွှန်းရေးဆရာများသပိတ်သည် နိုဝင်ဘာ ၉ ရက်တွင် တရားဝင်ပြီးဆုံးသွားပြီဖြစ်သည်။

Deadpool-3 ဇာတ်ကားကို ဒါရိုက်တာရှောင်လီဗိုင်းက တာဝန်ယူရိုက်ကူးနေပြီး မင်းသား ရှိုင်ယန်ရေးနိုး၊ ဟက်ဂျက်မင်း၊ အိုဝင်ဝီဆင်၊ မင်းသမီး မိုရီနာဘာကာရင်နှင့် လက်စလီအပ်ဂမ်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref: Xinhua News**

**Trs: KKO**



# Export of more than 580,000 tons of rice and broken rice earns more than US$270 million within seven months


Bags of rice being loaded onto a ship.

**Nay Pyi Taw November 10**

The Myanmar Rice Federation recently stated that export of more than 580,000 tons of rice and broken rice earned more than US$270 million within seven months from April to October in 2023-24 financial year.

During the period, 583,683 tons of rice and broken rice worth US$271 million were sold out to foreign market during the seven month period.

In this regard, 87,648 tons of rice and broken rice were sold to earn US$36 million in April, 110,706 tons in May to bag US$48 million, 62,725 tons in June to pocket US$28 million, 58,334 tons in July to secure US$26 million, 59,971 tons in August to earn US$28 million, 84,773 tons in September to secure US$42 million, and 119,526 tons in October to bag US$63 million.

Myanmar exports decline of volume of rice and broken rice in monsoon and increase of weight in open season.

In exportation, Myanmar follows the export licence permission system of the Ministry of Commerce with 100 per cent readiness for export.

The federation expects export of 2.5 million tons of rice and broken rice in 2023-24 financial year, to earn US$1 billion from export.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar earns over US$66 m from over 68,000 tonnes of mung bean exports from Oct in 2023-2024 FY

**Nay Pyi Taw November 10**

More than 68,000 tonnes of mung beans were exported and sold in October in 2023-2024 FY, earning more than US$66 million, according to the Ministry of Commerce.

More than 20 types of beans and pulses are exported from Myanmar to foreign markets and most of them are Mung bean exports. It is exported and sold weekly and monthly through maritime trade routes and border trade routes.

In October of the 2023-2024 FY, more than twenty types of beans and pulses were exported to foreign customer market countries.

During the month of October, Myanmar exported about 59,000 tonnes of mung beans to India, 2,150 tonnes to Pakistan, 1,200 tonnes to Singapore, about 1,100 tonnes to Malaysia, 875 tonnes to Thailand and 3,655 tonnes to the UAE, EU countries, Japan, the Philippines, Vietnam, and Indonesia through maritime trade routes. Myanmar also exported 34 tonnes of mung beans to China and 224 tonnes to Thailand via border trade routes.


Samples of mung beans.

336

# Mawgyun Township sent 57,000 viss of straw mushroom to Yangon last month

**Mawlamyinegyun November 10**


Businesspersons from Mawlamyinegyun Township of Ayeyawady Region distributed 57,000 viss of straw mushroom to Yangon market in October, said Daw Ei Ei Aye, owner of agricultural produce trading of Mawlamyinegyun Township.

The township sent 42,000 viss of straw mushroom to Yangon market in September, compared to 56,000 viss in October.

"At present, Mawgyun Township produces a large volume of straw mushroom. Most of the agricultural produce is sent to Yangon market. Last month, a total of 57,000 viss of straw mushroom was distributed to Yangon from Mawgyun. Mushroom is used in domestic restaurants. In November, demand of such mushroom is high. Local farmers generally cultivate straw mushroom in cold season. So, local farmers consider to export straw mushroom abroad," said Daw Ei Ei Aye.

Businesspersons buy straw mushroom in Mawlamyinegyun Township and sort them before sending it to Yangon. One viss of straw mushroom is some K9,000 in the domestic market.

Kyaw Kyaw Lin


Various kinds of edible mushrooms seen at a market.

# High demand from foreign countries pushes up price of pigeon pea

**Mandalay November 10**

Due to high demand in foreign market this year, pigeon pea fetches good prices in Mandalay market, according to the bean merchants in Mandalay.

Currently, pigeon pea from regions and states flow into Mandalay market. Proper quality and size of pigeon pea can fetch high prices in the domestic market. Now, local bean merchants trade K340,000 per three-basket bag, said U Soe Win Myint from Soe Win Myint brokerage in Mandalay.

"Consumption of pigeon pea is lesser among Myanmar people. Primarily, Indian people very prefer to consume pigeon pea due to lack of chemicals and delicacy. Almost all products of pigeon pea are exported abroad yearly. Myanmar's pigeon pea has grasped a firm market. This year, as India requires a large volume of pigeon, such a bean is marketable. Myanmar exports pigeon pea to India, Nepal, Bangladesh and Pakistan yearly, India of which is the main customer of Myanmar. Local farmers cultivate pigeon pea in cold season. At present, pigeon pea fetches good price in Mandalay market," he added.

Myanmar grows three strains of pigeon pea such as red, white and strip pigeon pea. It is cultivated in Mandalay, Magway and Sagaing regions. Then, more sown acreage of pigeon pea is extended in Chin, Kayah and Shan states. So, local farmers need to expand their sown acreage of pigeon pea to earn increased incomes.

185

# Magway operates 57 hotels and guest-houses, and five restaurant businesses for travel season


An aerial view of Magway Town with a famous pagoda.

**Magway November 10**

There are 57 hotels and guest houses, ten travel destinations and five restaurant businesses opened and operating in Magway Region as the tourist season has arrived, according to the news released by the Department of Hotels and Tourism on November 7.

Business markets in tourism sector such as hotel and guest house businesses, travel destinations and restaurant businesses have also become active.

The hotels and guest-houses operating in the region are 21 in Magway town, one in Natmauk town, four in Minbu town, one in Minhla town, one in Aunglan town, one in Pwintphyu town, one in Salin town, three in Taungdwingyi town, three in Yenanchaung town, two in Chauk town, 15 in Pakokku town and four in Gangaw town, totaling 57 hotel and guest houses.

In addition, ten tourist destinations have been arranged in the region and three restaurants in Magway town, one each in Minbu town and Minhla town are opened.

336

# Russian Economy Recovered Steadily, Inflation Could Undermine Europe's Financial Stability - IMF

**Washington November 10**

The Russian economy has recovered steadily after the Western governments imposed comprehensive sanctions but the medium-term prospects are less encouraging, the International Monetary Fund (IMF) said in a report.

As a result of the positive economic developments, the IMF revised its GDP growth forecast for Russia in 2023 to 2.2% from 0.7% in April, the report said.

"The turnaround was initially achieved by improved terms of trade related to high energy prices, followed by a substantial increase in military spending later last year and earlier this year that boosted aggregate demand, supported consumption, and encouraged investment," the report said.

However, the IMF decreased its GDP growth forecast for 2024 to 1.1% from 1.3% in April, while maintaining its outlook for 2025 unchanged at 1%, the report said.

"Medium-term prospects are less encouraging. Higher fiscal spending will generally allow for a temporary and not a sustained pickup in growth, given its composition," the report said.

Sputnik

# Onion and garlic prices increase in Bayintnaung commodity market

**Yangon November 10**

The prices of onions and garlic are rising in the Bayintnaung commodity market due to the demand from foreign buyers and the decrease in the quantity of products in the market, according to the owners of onion and garlic wholesale centers in the Bayintnaung commodity market in Yangon.


Onions and garlic are grown in various regions and states in Myanmar, but they are mainly grown in Shan State, Magway, Mandalay and Bago regions.

These are agricultural products that are being exported and sold abroad due to the surplus of domestic consumption.

Garlic and garlic are being exported and sold abroad as well as being re-imported from abroad.

Garlic and onions are being exported to China, India, Bangladesh, Thailand, Vietnam and Laos.

At present, Bangladesh has been allowed to import up to 200 tons of onions from Myanmar according to its domestic needs. In addition, buyers from China have been purchasing onions.


Onions seen on the ground before being loaded onto trucks.

In addition, plans are being made to export onions to the Philippines through the G to G system.

336

# G7 Foreign Ministers Fail to Agree on Gaza Ceasefire Amid Call for Two-State Solution

**Tokyo November 10**

G7 member states remain at loggerheads over how to resolve the Gaza gridlock as Israel procedes with bombardments of the Palestinian enclave in retaliation against the October 7 Hamas attack.

The only way to secure stable peace in the Middle East is a two-state solution to the Palestine-Israel conflict, G7 foreign ministers said following their high-level talks in Tokyo on Wednesday.

The Japanese capital hosted the two-day gathering of top diplomats from the US, the UK, Canada, France, Germany, Japan and Italy, who, in particular, discussed the Gaza crisis amid the current escalation of the Palestine¬-Israel conflict.

US Secretary of State Antony Blinken earlier joined the Tokyo summit, in what American media described as his "latest attempt to fix the US' declining world standing."

German Foreign Minister Annalena Baerbock told reporters ahead of the Tokyo talks that the ministers would "discuss how we can achieve humanitarian pauses together to alleviate the suffering of the people in Gaza." "As G7 countries, we are making clear that Israel has the right and the duty to protect its population and its people in the framework of international law," she added.

Sputnik



# Over 11,000 acres of winter sunflower grown in Mandalay Region's Yamethin Township

**Yamethin November 10**

More than 11,000 acres of winter sunflower have been planted in the winter crop growing season in the Mandalay Region's Yamethin Township, said U Aung Myo Thant, head of the township's Department of Agriculture.

The farmers in Yamethin Township started growing 2,3320 acres of winter sunflower from the third week of October. A total of 11,050 acres have been planted, the remaining acres are still being cultivated.

"In domestic oil consumption, the plan is to ensure that safe and healthy cooking oil is provided. Since the price is not stable in the market, we must stabilize the cooking oil market after planting sunflowers. As oil has to be imported, we aim to produce and distribute safe and healthy cooking oil as an import-substitute in the domestic market. Over 9,700 acres of sunflowers were planted in the rainy season," he explained.

In the township, more than 23,000 acres of winter sunflower will be planted in winter to meet the target. In terms of cultivation, there are separate plantings by farmers, as well as planting a chickpea crop as mixed cropping. It is reported that there are mainly two types of sunflowers, Hsinshwekya (2) and hybrid sunflower (1).

185

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## အမေရိကန်က အစ္စရေးကို Iron Dome ဒုံးကျည်များနှင့် JDAM Kit လမ်းညွှန်ကိရိယာများပံ့ပိုးမည်



အမေရိကန်နိုင်ငံသည် ဟားမတ်စ်နှင့် ပဋိပက္ခဖြစ်ပွားနေသည့် အစ္စရေးနိုင်ငံကို စစ်ရေးအရ ခိုင်မာအားကောင်းရန် Iron Dome လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်များနှင့် Joint Direct Attack Munition (JDAM) Kit လမ်းညွှန်ကိရိယာများ ပံ့ပိုးကူညီသွားမည်ဟု နိုဝင်ဘာ ၃ရက် Time သတင်းဌာနမှထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

JDAM Kit များသည် လေကြောင်းမှ ဗုံးကြဲရာတွင် တိကျမှုမြင့်မားကောင်းမွန်စေရန်အတွက် အရေးကြီးသည့် လမ်းညွှန်ထိန်းကျောင်းရေးကိရိယာများဖြစ်ပြီး Iron Dome လက်နက်စနစ်သည် Rafael Advanced Defence Systems နှင့် Israel Aerospace Industries တို့က တီထွင်ထားသော ရာသီဥတုမရွေး အသုံးပြုနိုင်သည့် ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။

အဆိုပါစနစ်သည် လေးကီလိုမီတာ (၂ ဒသမ ၅ မိုင်)မှ ကီလိုမီတာ ၇၀(၄၃ မိုင်) အတွင်း ဝင်ရောက်လာသည့် တာတိုပစ်ဒုံးကျည်များနှင့် အမြောက်ကျည်များကို ကြားဖြတ်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်းသည် အစ္စရေး၏အလွှာစုံ လေကြောင်းရန်ကာကွယ်ရေး မဟာဗျူဟာ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လက်နက်စနစ်၏ အောင်မြင်မှုကို ဖော်ပြရလျှင် ကြားဖြတ်ဟန့်တားမှုနှုန်းမြင့်မားသည့်အတွက် နိုင်ငံတကာကကျယ်ပြန့်စွာ အသိအမှတ်ပြုခံထားရသည့် လက်နက်စနစ်လည်းဖြစ်သည်။

JDAM သည် လမ်းညွှန်ထိန်းကျောင်းမှုမပါရှိသော ပဲ့ထိန်းမဲ့(လမ်းညွှန်မဲ့)ဗုံးများသို့မဟုတ် လေဟုန်စီးဗုံးသီးများကို ရာသီဥတုမရွေး အသုံးပြုနိုင်ရန် တိကျပဲ့ထိန်းခဲယမ်းများအဖြစ်သို့ ပြောင်းလဲပေးနိုင်သည့် လမ်းညွှန်ထိန်းကျောင်းရေးကိရိယာ (Guidance Kit) ဖြစ်သည်။

JDAM လမ်းညွှန်ကိရိယာအတွင်း တပ်ဆင်ထားသောဗုံးများကို Global Positioning System (GPS) Receiver နှင့်ပေါင်းစပ်လုပ်ဆောင်ထားသော Inertial Guidance System ထိန်းကျောင်းရေးစနစ်ဖြင့် ပစ်မှတ်များကို တိကျစွာ တိုက်ခိုက်နိုင်စွမ်းရှိသည်။ JDAM ၏ ယုံကြည်စိတ်ချရမှုနှင့် တိကျမှုသည် ဝေဟင်မှမြေပြင် လေကြောင်းစစ်ပွဲကို တစ်ခေတ်ပြောင်းစေခဲ့ပြီး ပစ်မှတ်များကို ပစ်ခတ်ရာတွင် ပစ်မှတ်တစ်ခုတည်းကိုသာ တိတိပပ ထိမှန်သည့်အတွက် ဘေးထွက်ဆိုးကျိုး၊ အပျက်အစီးအနည်းဆုံးဖြင့်တိုက်ခိုက်နိုင်စွမ်းရှိစေသည်။

JDAM Kit လမ်းညွှန်ကိရိယာများ ထုတ်လုပ်သည့် Boeing ကုမ္ပဏီသည် Missouri ပြည်နယ် St. Charles မြို့ရှိ ၎င်းတို့၏ ထုတ်လုပ်ရေးစက်ရုံမှ အခု ၁၈၀၀ ထိပေးပို့သွားနိုင်ရန် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ Iron Dome နှင့် JDAM Kit များ အမြန်လွှဲပြောင်းပို့ဆောင်ရန် လုပ်ဆောင်နေမှုသည် F-35 တိုက်လေယာဉ်များ၊ CH-53 အကြီးစားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များနှင့် KC-46 ဝေဟင်ဆီဖြည့်လေယာဉ်များကဲ့သို့ အဆင့်မြင့်စစ်ဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများပါဝင်သည့် လက်ရှိသဘောတူညီချက်များအပြင် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(IDF) ၏ စစ်ဆင်ရေးစွမ်းရည်ကို ပိုမိုတိုးတက်စေလိမ့်မည်ဖြစ်သည်။

ဤအဆင့်မြင့်စနစ်များဖြင့် အစ္စရေး၏ စစ်လက်နက်တိုက်များကို အားဖြည့်ပေးခြင်းသည် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ရချိန်တွင် အစ္စရေး၏ ကာကွယ်ရေးနှင့် စစ်ဆင်ရေးဆိုင်ရာ တိုက်ပွဲဝင်အသင့်ဖြစ်စေရန် ကူညီပေးနိုင်မည့် အမေရိကန်က ကတိကဝတ်ကို ညွှန်းဖော်ပြသနေခြင်းပင်ဖြစ်သည်။ တိုက်ပွဲဝင် သက်သေပြထားနိုင်သော Iron Dome လက်နက်စနစ်ခဲယမ်းများနှင့် JDAM တပ်ဆင်ထားသော တိကျပဲ့ထိန်းဗုံးများနှင့်အတူ ဒေသတွင်းပဋိပက္ခ ရှုန်းရင်းဆန်ခတ်အနေအထားတွင် IDFအတွက် သိသာထင်ရှားသောစွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားနိုင်လိမ့်မည်ဖြစ်သည်။

**US Provides Israel with Iron Dome Missiles and JDAM Bomb Kits Amid Conflict with Hamas ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းတန်ပြန်ထိုးစစ်ကို စစ်ဆင်ရေးလမ်းကြောင်းများ၌ ရုရှားတပ်ဖွဲ့ များရပ်တန့်နိုင်ခဲ့ဟု Zaporozhye အုပ်ချုပ်ရေးမှူးပြော

ရုရှားတပ်ဖွဲ့များသည် ယူကရိန်းတန်ပြန်ထိုးစစ်ကို စစ်ဆင်ရေးလမ်းကြောင်းများ၌ပင် ရပ်တန့်နိုင်ခဲ့ကြောင်း Zaporozhye ဒေသအုပ်ချုပ်ရေးမှူး Evgeny-Balitsky က နိုဝင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားခံစစ်စခန်းများကို ထိုးဖောက်ဝင်ရောက်နိုင်ရန် ယူကရိန်းတို့၏ တန်ပြန်ထိုးစစ်ဆင်မှုနည်းဗျူဟာများသည် အထင်ကြီးစရာမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယူကရိန်းတို့၏ တန်ပြန်ထိုးစစ်အဟုန်ကိုရပ်တန့်နိုင်ခဲ့ကြောင်း၊ Rabotino၊ Shcherbaki နှင့် Vremievsky Ridge မြို့တို့အနီးတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများသည် ယူကရိန်းအစိုးရအတွက် ဝေဒနာများသာဖြစ်သည်ဟု နိုဝင်ဘာ ၆ ရက်က သတင်းထောက်များနှင့်အင်တာဗျူးတစ်ခုတွင် Balitsky က ပြောကြားခဲ့သည်။

လအတန်ကြာ ရုရှားတပ်များ၏ ခံစစ်နေရာများကိုသိမ်းပိုက်ရန် ကြိုးစားနေသည့် ယူကရိန်းတပ်ဖွဲ့များသည် စစ်ပန်းနေကြပြီး တပ်ခွဲများ ဖွဲ့စည်းပုံပျက်နေသည့်အတွက် တပ်ဖွဲ့ဝင်များအဆင့်ဖြင့်သာ ရင်ဆိုင်တိုက်ခိုက်နိုင်သည့် အနေအထားမျိုးဖြစ်ကြောင်း Evgeny Balitsky က ပြောကြားခဲ့သည်။

ယူကရိန်းတန်ပြန်ထိုးစစ်၏ အဓိကရည်မှန်းချက်များထဲမှ တစ်ခုမှာရုရှားနှင့် ကရိုင်းမီးယားကို ဆက်သွယ်ထားသော ကရိုင်းမီးယားတံတားကို ဖြတ်တောက်ဖျက်ဆီးနိုင်ရေးဖြစ်သည်။ လက်ရှိတွင် ရုရှားတို့၏ တိုက်ခိုက်ရေးဒရုန်းများ၊ အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်များနှင့် အမြောက်များဖြင့် ပေါင်းစည်းတိုက်ခိုက်မှုများကြောင့် ယူကရိန်းဘက်ခြမ်းတွင် တင့်ကား၊ သံချပ်ကာယာဉ်များ အင်အားလွန်စွာနည်းပါးနေပြီလည်းဖြစ်သည်။

ယူကရိန်း၏ တန်ပြန်ထိုးစစ် စစ်ရေးစီမံချက်ရေးဆွဲပေးသူများမှာ အနောက်အုပ်စုနိုင်ငံများဖြစ်ပြီး အနောက်နိုင်ငံထုတ်စစ်လက်နက်ပစ္စည်းများ အကုန်အကျခံ၍ ယူကရိန်းနိုင်ငံသားများကိုစတေးကာ ရုရှားကို မဟာဗျူဟာမြောက်ရှုံးနိမ့်ရန်တိုက်ခိုက်နေခြင်းဖြစ်သည်ဟု Zaporozhye ဒေသအုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

ယူကရိန်းသည် ဇွန်လအစောပိုင်းတွင် အကြီးစား တန်ပြန်ထိုးစစ်ဆင်မှုများကို ရှေ့တန်းစစ်မျက်နှာများတစ်လျှောက် စတင်ပြုလုပ်လာခဲ့သော်လည်း သိသိသာသာ တိုးတက်မှုမရရှိခဲ့ပေ။ ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu က ယူကရိန်းအစိုးရသည် ရှုံးနိမ့်သွားပြီဟု ပြီးခဲ့သည့် သီတင်းပတ်က ပြောကြားခဲ့သည်။

တန်ပြန်ထိုးစစ်စတင်ချိန်မှ ယခုအချိန်ထိ ယူကရိန်းတပ်ဖွဲ့ဝင်ဦးရေ ၉၀၀၀၀ ကျော်၊ တင့်ကားအစီးရေ ၆၀၀ ခန့်နှင့် သံချပ်ကာယာဉ် အစီး ၂၀၀၀ ကျော်တို့ ဆုံးရှုံးခဲ့ကြောင်း ရုရှားစစ်ဘက်က ခန့်မှန်းထုတ်ပြန်ထားသည်။ တစ်ချိန်တည်းတွင် ယူကရိန်းတာဝန်ရှိသူများသည် အနောက်နိုင်ငံများ၏ ပံ့ပိုးကူညီမှုတွင် နှောင့်နှေးကြန့်ကြာမှု၊ ခိုင်မာအားကောင်းသော ရုရှားတပ်များ၏ ခံစစ်ပြင်ဆင်ထားမှု၊ မိုင်းအခင်းအကျင်း မှန်ကန်ကောင်းမွန်မှု၊ လေကြောင်းစွမ်းအား သာလွန်ကောင်းမွန်မှုတို့အပေါ် အကြောင်းပြချက်ပေး၍ ယူကရိန်းက အနောက်အုပ်စုအပေါ် အပြစ်ပုံချခဲ့သည်။

ပြီးခဲ့သည့်အပတ်က ယူကရိန်းစစ်ဦးစီးချုပ် Valery Zaluzhny က နှစ်နိုင်ငံစလုံး၏ နည်းပညာစွမ်းပကား အဆင့်အတန်းမြင့်သောကြောင့် ရှေ့တန်းအခြေအနေကို ရှေ့မတိုးနောက်မဆုတ်သာဟု မှတ်ချက်ပြုပြောကြားခဲ့သည်။ သို့သော်လည်း ထိုအကဲဖြတ် ဆန်းစစ်ချက်ကို ယူကရိန်းသမ္မတ ဗလာဒီမာဇီလန်စကီးက ပယ်ချခဲ့ပြီး ယူကရိန်းနိုင်ငံသည် ခက်ခဲသောအခြေအနေတွင် ရောက်ရှိနေသော်လည်း အစပျိုးမှုအဆင့်သာရှိသေးသည်ဟု တုံ့ပြန်ပြောကြားခဲ့သည်။



**Ukraine's counteroffensive is finished – governor ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၄၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းမုန်လာစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကသာမြို့နယ်မှာ ဒီနှစ် ဟင်းသီးဟင်းရွက် ၉၀၅ ဧက စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိအချိန်ထိ ၁၅၄၈ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၃၂၁၉ ဧက စိုက်ပျိုးရန် လျာထားကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# မြစ်ကြီးနားမြို့နယ် ပလန(၅)သင်္ဂဗြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်ကြီးနား နိုဝင်ဘာ ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပလန(၅) သင်္ဂဗြိုင်ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သောကြောင့် မိသားစုဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ပြန်ဆပ်ရမည့်ကာလတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပလန (၅) သင်္ဂဗြိုင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၉ သန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစ်ကြီးနားမြို့နယ် ပလန(၅) သင်္ဂဗြိုင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ပန်းတနော်မြို့နယ် စံကျောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ပန်းတနော် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စံကျောင်းကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ စတင်ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးလက်စီးပွားမြှင့်မားရေး ထူထောင်ခြင်း (RBF)ရန်ပုံငွေဖြင့် ဝင်ငွေရလုပ်ငန်းများဖြစ်သော CP ဝက်မွေးမြူရေးလုပ်ငန်း၊ သင်ဖြူးဖျာလုပ်ငန်းနှင့် ခေတ်မီစံပြကျေးရွာ၏ ကဏ္ဍခြောက်ခု ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက စံကျောင်းကျေးရွာတွင် ဆောင်ရွက်နေသည့်ကဏ္ဍခြောက်ခု၏လုပ်ငန်းစဉ်များမှ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာသူ၊ ကျေးရွာသားများကို စွန့်ပစ်ပစ္စည်းများ စနစ်တကျစုဆောင်းပြီး စိုက်ပျိုးရေးလုပ်ငန်းသုံးသဘာဝမြေဩဇာအဖြစ် ပြုလုပ်သုံးစွဲနည်း အသိပညာပေး ဟောပြောခြင်း၊ E.M Bokashi ဖြင့်ရောစပ်၍ သဘာဝမြေဩဇာအဖြစ် လက်တွေ့ပြုလုပ်ဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တေဇာလင်း**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၀-၁၁-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်မထဆန် ရွေဝ်ယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ ပို့ကုန်ရငွေအား သတ်မှတ်ကာလအတွင်း မိမိ၏ဘဏ်ငွေစာရင်းသို့ မပျက်မကွက်ထည့်သွင်းရန်လိုအပ်

## ကြေညာချက်

(က) ၁။ အာရှနိုင်ငံများသို့ တင်ပို့သည့်ပို့ကုန်များအတွက် ပို့ကုန်ရငွေကိုတင်ပို့သည့်နေ့မှ ၄၅ ရက်အတွင်းလည်းကောင်း၊ အာရှနိုင်ငံများအပ အခြားနိုင်ငံများသို့တင်ပို့သည့် ပို့ကုန်များအတွက် ပို့ကုန်ရငွေကို တင်ပို့သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်းလည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက်ထည့်သွင်းရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်းစိစစ်တွေ့ရှိရပါက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၂ ဖြင့် ထုတ်ပြန်ထားပါသည်။

၂။ သတ်မှတ်ချက်များနှင့်အညီ ငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကုန်သွယ်ရေးဦးစီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်ထားပြီးဖြစ်သဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်အတွင်းလိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၃။ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်ရငွေပေးသွင်းခြင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြလိုပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန-ဆက်သွယ်ရန်ဖုန်း ၀၆၇-၃၄၁၈၇၅၄၊၀၁-၅၄၃၅၁၁ လိုင်းခွဲ ၄၆၁၊ ၄၆၂

(ခ) ကုန်သွယ်ရေးဦးစီးဌာန-ဆက်သွယ်ရန်ဖုန်း၀၆၇-၃၄၀၈၂၅၈၊ ၀၆၇-၃၄၀၈၂၈၁

(ခ) ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ ပို့ကုန်ရငွေအား သတ်မှတ်ကာလအတွင်း မိမိ၏ဘဏ်ငွေစာရင်းသို့ မပျက်မကွက်ထည့်သွင်းရန်လိုအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**





**တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့**

☆ **ကျော်ဖုန်းမြအဆက်**

မျက်စိရောဂါ ၂၄၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၆ ဦး စုစုပေါင်း ၁၁၈၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ် ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူ ကိုးဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့တက်ရောက် ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည်ယနေ့တွင် ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ မြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၂၃၉ ဦး၊ ခွဲစိတ်ရောဂါ ၆၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၆ ဦး၊ ကလေးရောဂါ ၇၇ ဦး၊အရိုးရောဂါဦးရေ ၁၆၀၊နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ၂၆ ဦး၊ မျက်စိရောဂါ ၁၃၃ ဦးနှင့် သွားရောဂါ ၁၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ရှစ်ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာဦးရေ ၃၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ကိုးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၄ ဦး စုစုပေါင်း ၆၇၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူ တစ်ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

**ဒေါ်အေးအေး၊ ကျွဲရိုင်ကျေးရွာ ရေတ်ကောင်းမြို့**

တပ်မတော်နယ်လှည့်ဆေးကုရေးအဖွဲ့ကဆေးလာကုမယ်လို့ပြောတော့ကျွန်မတို့ကလှိုက်လှိုက်လှဲလှဲနဲ့ လာပြီးတော့ ဆေးကုသမှုခံယူတာပါ။မျက်စိကိုသွားပြီ ပြတော့ ခွဲရမယ်လို့ ခြောက်သိန်းခုနစ်သိန်းကျမယ်လို့ပြောလို့ကျွန်မမှာပိုက်ဆံကမရှိဘူး။ လယ်



လုပ်မှစားရတယ်ဆိုတော့ ကျွန်မမှာအဆင်မပြေဘူး။ အဆင်မပြေတဲ့အတွက်ကြောင့် မခွဲဘဲနေတော့ မျက်စိကကိုက်တယ်။ မျက်ရည်တွေကျတယ်။ ယားတယ်။ ခေါင်းတွေပူတယ်။ ဒီလိုဆေးကုသတွေ လာတော့ အလွန့်အလွန် ဝမ်းသာကြည်နူးမိပါတယ်။ ကျွန်မဒီကိုလာပြတာပါ။ ဆေးကုသရေးအဖွဲ့ကပြုံးပြုံးရွှင်ရွှင်နဲ့ကြိုဆိုကြတယ်။ ပိုက်ဆံမရှိတော့လည်း အဖေအမေလို အားကိုးမိတာပေါ့။ဒီအဖွဲ့ကကောင်းပါတယ်။ အခမဲ့လည်းဖြစ်သလို မိသားစုစိတ်ဓာတ်လည်းရှိကြပါတယ်။ကိုယ်ဘက်ကလည်း ဘာမှပြန်ပြီးမပေးနိုင်ဘူး။ ဘယ်လို လက်ဆောင်ပေးလိုက်ရမလဲမသိဘူး။ ကျွန်မကပေးချင်ပေမယ့် လယ်လုပ်နေရတော့ စားရေးသောက်ရေးတောင်အဆင်မပြေဘူး။ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ကစေတနာမေတ္တာတွေနဲ့ ဒီလိုလာရောက်ဆေးကုသပေးတဲ့အတွက် အလွန့်အလွန်ဝမ်းမြောက်ကြည်နူးမိပါတယ်။ နောက်နှစ်နောက်နှစ်တွေလည်း လာစေချင်တယ်။ ကုသပေးစေချင်တယ်။ အခုလိုစီစဉ်ပေးတဲ့ တပ်မတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ် ဟုပြောသည်။

**ဦးစင်ဇော် တလုတ်ကုန်းကျေးရွာ မြန်အောင်မြို့**

ကျွန်တော်ကခါးမကောင်းလို့ပါ။ ခါးကတော်တော်နာနေတာ တော်တော်ကြာပြီ။ အခုလို နယ်လှည့်ဆရာဝန်ကြီးတွေ ဒီကိုရောက်လာတော့ လာပြီးပြသခြင်းဖြစ်ပါတယ်။ ပြသတဲ့လူတော်တော်များလည်းတွေ့ရ



ပါတယ်။ ဝေဒနာသည်တွေက အေးအေးချမ်းချမ်းနဲ့ပြသတာလည်း တွေ့ရပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ အခုလို တပ်မတော်ကနယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက်ဆေးကုသပေးတာကတော့ အခမဲ့ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမြို့နယ်ကို ဆေးကုသပေးတဲ့ ဆရာဝန်တွေအားလုံးကို အလွန့်အလွန်လည်း ကျေးဇူးတင်ပါတယ်။ လာရောက်ပြသကြတဲ့ သူတွေအားလုံးလည်း စိတ်ချမ်းသာကြပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းအားလုံးကလည်း ဝိုင်းဝန်းပြီးတော့ စောင့်ရှောက်ပေးပါတယ်။ မသိတဲ့နေရာကိုလည်း သိအောင်လိုက်ပြပေးပါတယ်။ ဘယ်လိုပြောရမှန်းတောင် မသိအောင်ဖြစ်နေပါတယ် ဟုပြောသည်။

## နိုဝင်ဘာ ၁၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၀၀၅ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၃ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား လေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် အပူစွမ်းအင်သုံးစီမံကိန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Iskander Azizov ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ကဏ္ဍပေါင်းစုံ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် အပူစွမ်းအင်သုံးစီမံကိန်းများတွင် ရုရှားကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov ကို လက်ခံတွေ့ဆုံစဉ်။**



# နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်သာမက အခြားထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H. E. Dr. Md. Monwar Hossain ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်သာမက အခြားထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Japan Myanmar Association ၏ Vice Chairman Mr. Watanabe Yusuke ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များရှိ နေရာအချို့ကို အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ ကောလာဟလသတင်းတု၊ သတင်းအမှားများ ထွက်ပေါ်နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တိုက်ပွဲဖြစ်ပွားမှုအခြေအနေကတော့ ကွမ်းလုံမြို့မှာ တိုက်ပွဲဆက်လက်ဖြစ်ပွားလျက်ရှိပါတယ်။ ကွမ်းလုံမြို့တချို့နေရာတွေမှာတော့ MNDAA သောင်းကျန်းသူတွေ ရောက်ရှိနေတာတွေ့ရတယ်။ ဒီကွမ်းလုံဗျူဟာနဲ့ ကွပ်ကဲမှုအောက် တပ်တွေအနေနဲ့ကတော့ ရက်သတ္တပတ်ခန့်ရှိပြီး ရန်သူကို ရွပ်ရွပ်ချွံချွံခုခံ တိုက်ခိုက်နေတာမျိုးဖြစ်ပါတယ်။ ပြီးရင်တော့ TNLA ဝင်ရောက်သွားတဲ့ သိန္နီမြို့အခြေအနေမှာတော့ သိန္နီမှာရှိတဲ့ တပ်တွေအနေနဲ့ ပြန်လည်လွှမ်းမိုးမှုရရှိပြီးဖြစ်ပါတယ်။ ပြီးရင် လားရှိုးမြို့အနီးတစ်ဝိုက်၊ ကွတ်ခိုင်တစ်ဝိုက်မှာရှိတဲ့ သောင်းကျန်းသူပူးပေါင်းအဖွဲ့တွေကိုတော့ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်တယ်။ ထို့အတူ မုံးကိုးတို့၊ ချင်းရွှေဟော်တို့ လက်လွှတ်ခဲ့ရတဲ့ နေရာလေးတွေရှိတယ်။ ဒီလက်လွှတ်ခဲ့ရတဲ့ နေရာတွေမှာလည်း ပြန်လည်ပြီးတော့ လုံခြုံမှုတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါနဲ့တစ်ဆက်တည်းမှာပဲ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ ကောလင်းမြို့ထဲကို ဝင်ရောက်သွားတာရှိတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ PDF နဲ့ KIA တို့ပူးပေါင်းပြီး KIA က စစ်ကိုင်းတိုင်းဒေသကြီးထဲမှာလာပြီး တိုက်ကွက်ဖော်နေတာဖြစ်ပါတယ်။ ဒီနေ့မှာတော့ ထီးချိုင့်မှာ ထိတွေ့တိုက်ပွဲတွေဖြစ်ပွားခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ ပျံ့နှံ့နေတဲ့ကောလာဟလ ရန်သူရဲ့ဝါဒဖြန့်ချိချက်ပေါ့။ ဒါနဲ့ပတ်သက်ပြီးတော့ နယ်မြေတစ်ခုလုံးကို သိမ်းနိုင်တဲ့ပုံစံ။ အကုန်လုံးမှာရှုတ်ရှုတ်သဲသဲဖြစ်နေတဲ့ပုံစံမျိုးတွေလုပ်နေတာရှိပါတယ်။ ဒီကောလာဟလတွေ ဝါဒဖြန့်ခြိမ်းခြောက်မှုတွေကို ပြည်သူလူထုတွေအနေနဲ့ သတိရှိဖို့လိုတယ်လို့ပဲ ကျွန်တော်ပြောကြားချင်ပါတယ်။ ဒီအရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေ ချင်းရွှေဟော်၊ မုံးကိုးတို့လိုနေရာမျိုးတွေ ပြီးရင် ကြားထဲကနေရာပေါ့။ ဒီနေရာလေးတွေက မြန်မာပြည်ရဲ့ ကိုးကန့်ဒေသပေါ့။ မြန်မာပြည်တောင်မဟုတ်ဘူး ကိုးကန့်ဒေသရဲ့ အစိတ်အပိုင်းတစ်ခုလောက်ပဲရှိသေးတယ်။



ဗိုလ်ချုပ်ဇော်မင်းထွန်း (သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဒီမှာလည်း ကျွန်တော်တို့အနေနဲ့ လုံခြုံမှုပြန်လည်ရရှိရေး အမြန်ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးရင် စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာဖြစ်နေတဲ့ ထီးချိုင့်တို့၊ ကသာတို့၊ ကောလင်းတို့ နေရာမျိုးပေါ့။ ဒီဟာတွေလည်း ကျွန်တော်တို့ကဖြစ်ပွားနေတဲ့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အစိတ်အပိုင်းတစ်ခုလောက်ပဲ ရှိပါသေးတယ်။ ဒါတွေကို ကျယ်ပြန့်နေတဲ့ပုံစံပေါ့နော်။ ဒါကိုဝါဒဖြန့်ချိပြီးတော့ အကြောက်တရားဖိုးရိမ်မှုအပေါ် မှာမူတည်ပြီးတော့ ဝါဒဖြန့်ချိတာမျိုးပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ မြန်မာ့တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်လုပ်ဆောင်နေပါတယ်။ လုပ်လည်းလုပ်နိုင်ပါတယ်။ ဆက်လက်ပြီးတော့လည်း လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ဒီကောလာဟလတွေ၊ ဝါဒဖြန့်ခြိမ်းခြောက်မှုတွေနဲ့ပတ်သက်လာပြီး နားမယောင်ဖို့ မကြောက်ရွံ့ဖို့ ပြီးရင် ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ ထို့အတူ ရှေ့တန်းစစ်မျက်နှာအသီးသီးမှာ နိုင်ငံတော်ကာကွယ်ရေးနဲ့လုံခြုံရေးတာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် မိသားစုဝင်အားလုံးကို နိုင်ငံတော်အကြီးအကဲ တပ်မတော်အကြီးအကဲတွေအနေနဲ့ အမြဲအထူးဂရုပြုလျက်ရှိပါတယ်။ အမြဲတမ်းအားပေးလျက်ရှိပါတယ်။ ရွပ်ရွပ်ချွံချွံတာဝန်ထမ်းဆောင်မှုတွေကိုလည်း အမြဲတမ်းအသိအမှတ်ပြုလျက်ရှိတယ်။ မကြာခင်မှာလည်း တည်ငြိမ်တဲ့အခြေအနေ၊ လုံခြုံမှုရှိတဲ့အခြေအနေတွေကို ပြန်လည်တည်ဆောက်သွားမယ်ဆိုတာပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# မဟာအောင်မြေခရိုင်နှင့် အမရပူရခရိုင်အတွင်းရှိ MSME လုပ်ငန်းများနှင့်မွေးမြူရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှု



**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက မဟာအောင်မြေခရိုင်နှင့် အမရပူရခရိုင်အတွင်းရှိ MSMEလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ်ရှိ စုစည်းချမ်းသာလိုင်းတွန့်ချပ်ပုံးထုတ်စက်ရုံနှင့် ရာပြည့်လိုင်းတွန့်ချပ်ပုံးထုတ်စက်ရုံများသို့ ရောက်ရှိစဉ် အဆိုပါစက်ရုံတို့မှ တာဝန်ရှိသူများက စက်ရုံ၏ သမိုင်းကြောင်း၊ ပြည်တွင်းမှ ကုန်ကြမ်းကို အသုံးပြု၍ ကုန်ချောရရှိသည်အထိ ထုတ်လုပ်မှုအဆင့်ဆင့်၊ ထုတ်ကုန်အမျိုးအစားများ၊ ကုန်မှာယူသူများအပေါ် ထုတ်လုပ်ပေးနိုင်မှု၊ စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်များကို ပြန်လည်အသုံးချမှု အခြေအနေများနှင့် ကြုံတွေ့နေရသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည့်အပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရန်၊ ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီနေပါကြောင်း၊ တိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ထုတ်ကုန်များကို စံချိန်စံညွှန်းနှင့်အမီ ထုတ်လုပ်ရေး၊ ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်ရေးတို့ကို အစဉ်တစိုက်အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး စက်ရုံများအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ Crystal Diamond မွေးမြူရေးအစာစပ်ထုတ်လုပ်သည့်စက်ရုံသို့ရောက်ရှိပြီး စက်ရုံမှ တာဝန်ရှိသူတစ်ဦးက စက်ရုံ၏ သမိုင်းကြောင်း၊ကြက်အစာတောင့်ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုအဆင့်ဆင့်၊ ပြည်တွင်းမှ ကုန်ကြမ်းရရှိမှု၊ ကြက်မွေးမြူရေးခြံများမှ မှာယူမှုနှင့် ဖြန့်ချိပေးနိုင်မှုအခြေအနေ၊ ကုန်ကြမ်းမှ ကုန်ချောအထိ ကုန်ကျမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်မှ စားရေရိက္ခာဖူလုံရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်းထုတ်ကုန်များကို အရည်အသွေးပြည့်မီအောင်ထုတ်လုပ်ခြင်း၊ လုံလောက်ပိုလျှံအောင်ထုတ်လုပ်ခြင်းဖြင့် ပြည်ပသွင်းအားစုများကို လျှော့ချနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ် ရေဘုတ်ကျေးရွာရှိ ဝက်အသားတိုးအကောင် ၁၆၀ မွေးမြူထားသည့် ဦးချမ်းဖူ ဝက်မွေးမြူရေးခြံနှင့် မကျီးကိုင်းကျေးရွာရှိ အလုံပိတ်အအေးခန်းစနစ်ဖြင့် ဥစားကြက်အကောင် ၃၀၀၀၀ မွေးမြူထားသည့် ဦးမျိုးထိုက်ဇော်၏ ဥစားကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ခြံပိုင်ရှင်များ၏ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# လှည်းကူးမြို့နယ်၊ သန်လျင်မြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့ဝန်ဆောင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နန္တိကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၃ ဦးကို အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၉၂ ဦးကို အဆိုပါကျေးရွာရှိ ကြာကန်ဗိမာန်တော်၌လည်းကောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော် ၁၈ ပါး၊ သာသနာ့ဝန်ဆောင် သီလရှင်ခြောက်ပါးနှင့် ဒေသခံပြည်သူ ၂၅၅ ဦးတို့ကို အဆိုပါရပ်ကွက်ရှိ ဓမ္မပီတိကျောင်းတိုက်၌လည်းကောင်း ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့များက သွားနှင့် ခံတွင်းရောဂါ၊မျက်စိရောဂါ၊သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်ထံ အလှူရှင်တစ်ဦးက လုံခြုံရေး တပ်ဖွဲ့ဝင်များ အတွက် ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုချီးမြှင့်ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဇလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ယင်းနောက် စေတနာရှင် အလှူရှင် ၇၁ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ်သိန်း ၆၆၈၀ ကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူ တစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ယနေ့တွင် သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုကြ၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်ခန်းမ အသီးသီး၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးရာ ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



**နေပြည်တော် နိုဝင်ဘာ ၁၀**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်းစက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပစဉ်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး ပူဖောင်းကို ပစ္စတိုပစ်ဖောက်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် အမျိုးသား၊ အမျိုးသမီး ပစ္စတို ထိ၊ လဲ ပစ်ခတ်စဉ်၊ အမျိုးသား ပစ္စတို အမြန်နှင့် အကာအကွယ်နောက်ပစ်ခတ်စဉ် ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် နိုဝင်ဘာ ၁၇ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေးကြေညာ

၁။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို နိုဝင်ဘာ ၇ ရက်မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm), Facebook Page (Ministry of Health, Myanmar)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm)နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို နိုဝင်ဘာ ၂၃ ရက်တွင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် နိုဝင်ဘာ ၁၆ ရက်မှစတင်၍ (စနေနှင့်တနင်္ဂနွေနေ့များ အပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြို့နယ်အချို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက်နံနက်ပိုင်းတွင် သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင် ကျေးရွာအုပ်စု ဖော့တောကျေးရွာအနီးတွင် TOYOTA HIACE အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိန်လှိုင် သယ်ဆောင်လာသည့် စုစုပေါင်းငွေကျပ် ၁၀၄၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၄ ဒသမ ၁၈ ကီလိုကို သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲပိုင်းတွင် ကွင်းဆက်တရားခံ သိန်းကျော်ကို ဖော့တောကျေးရွာလမ်းဆုံတွင် ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုနေ့ ညနေ ၄ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် အောင်ဇေယျလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ကောင်းမြတ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် လေဆိပ်လမ်းမနှင့် အောင်ဇေယျလမ်းထောင့်တွင် မင်းမင်းသန်းနှင့် မအိသန္တာဆွေ တို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ TOYOTA CALDINA အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့်လည်းကောင်း၊ ည ၆ နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်း (မြောက်၊အရှေ့) ရပ်ကွက် ကမ်းနားလမ်းရှိ နေအိမ်တွင် မျိုးမင်းထွန်း (ခ)ကိုမျိုးကို ဘိန်းဖြူ သုည ဒသမ ၀၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ကိုဖမ်းဆီးရမိခဲ့သည်။

နိုဝင်ဘာ ၉ ရက်နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် အထက်ပုဇွန်တောင်လမ်းတွင် စည်သူဝင်း (ခ)စည်သူ မောင်းနှင်လာသည့် HARRIER အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အက်တက်စီ ဆေးပြား ၉၃၀၊ ကက်တမင်း သုည ဒသမ ၀၄၂၅ ကီလိုသိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် ကမာရွတ်မြို့နယ် (၅)ရပ်ကွက် အောင်ချမ်းသာလမ်းရှိ ၎င်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း သုည ဒသမ ၀၀၃ ကီလို၊ Happy Water သုည ဒသမ ၀၈၄ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် သာကေတမြို့နယ် ၁၀ မြောက်ရပ်ကွက် သန်လျင်ချဉ်းကပ်လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ဇော်ဝင်း (ခ) အိုစမန်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၄၅ ကီလိုကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့နယ် သောက်တော်တွင်းရပ်ကွက်၊ ဘုရားဖြူလမ်းရှိ ၎င်း၏နေအိမ်ကိုဆက်လက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကိုမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ဒုတိယပိုလ်ချုပ်ကြီး(ဟောင်း) စိုးထွဋ်အား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) စိုးထွဋ်သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ် Green Channel စနစ်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန်အတွက် ကုမ္ပဏီများက အကူအညီတောင်းခံခဲ့မှုအပေါ် ၎င်း၏ရာထူးနှင့်လုပ်ပိုင်ခွင့်ကို မလျော်ကြဲဖ အသုံးပြု၍ နိုင်ငံကူးလက်မှတ်များ ခွင့်ပြုပေးရန်ညွှန်ကြားခဲ့ခြင်း၊ တံစိုးလက်ဆောင်လက်ခံရယူခဲ့ခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ဝန်ထမ်းသက်သာချောင်ချိရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိသည့် ဆောင်ရွက်မှုများအပေါ် ထိန်းသိမ်းကြပ်မတ်ကွပ်ကဲရန် ပျက်ကွက်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာဥပဒေပုဒ်မများဖြင့် စွဲချက်တင်ကာစစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး ထောင်ဒဏ်ငါးနှစ်ချမှတ်ခဲ့ကြောင်းနှင့် အမှုတွင်ပါဝင်ပတ်သက်ခဲ့သူများကို နယ်ဘက်တရားရုံးတွင်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများကို ရဲစည်းကမ်းဖြင့်လည်းကောင်း ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ် လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Rose Kyi Zin"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်နေ ကြည်ဇင်လှိုင် ကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ "Sparrow" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၁၆၈)ရပ်ကွက်နေ ဇော်မိုးဦးကို ည ၉ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မြောက်ကမ္ဘာခြမ်းတွင် ဖြစ်ပေါ်နေသော အယ်လ်နီညိုရာသီဥတု ၂၀၂၄ ခုနှစ် နွေကာလထိကြာမြင့်နိုင်



**ဝါရှင်တန် နိုဝင်ဘာ ၁၀**

မြောက်ကမ္ဘာခြမ်းတွင်ဖြစ်ပေါ်နေသော အယ်လ်နီညိုရာသီဥတုသည် ကာလရှည်ဖြစ်ပေါ်နိုင်ပြီး ၂၀၂၄ ခုနှစ် နွေဦးကာလထိ ကြာမြင့်နိုင်ကြောင်း အမေရိကန် မိုးလေဝသနှင့်ကြားရေးဦးစီးဌာနမှ သုတေသီများက သတိပေးချက် ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြောက်ကမ္ဘာခြမ်းတွင် အယ်လ်နီညိုရာသီဥတုသည် ၂၀၂၄ ခုနှစ် ဧပြီလမှ ဇွန်လထိ ဖြစ်ပေါ်နိုင်ပြီး ဖြစ်ပေါ်ရန် ရာခိုင်နှုန်းမှာ ၆၂ ရာခိုင်နှုန်းထိရှိနေသည်ဟု သုတေသီများက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

"အယ်လ်နီညိုရာသီဥတုတွေကြောင့် အီကွေတာပစိဖိတ်သမုဒ္ဒရာတစ်လျှောက် ရေမျက်နှာပြင်ပူနွေးမှုတွေဖြစ်ပေါ်နေတယ်။ အယ်လ်နီညိုရာသီဥတုအခြေအနေက ပြင်းထန်လာပြီး ၂၀၂၄ ခုနှစ် နွေဦးကာလထိ ဖြစ်ပေါ်လာနိုင်ပါတယ်" ဟု အမေရိကန်အခြေစိုက် ရာသီဥတုပြောင်းလဲမှုခန့်မှန်းရေးစင်တာ (USCPC) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အယ်လ်နီညိုရာသီဥတုသည် ပစိဖိတ်သမုဒ္ဒရာတစ်လျှောက်နှင့် ပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်းဒေသများတွင် ကာလရှည်ဖြစ်ပေါ်လာနိုင်ကြောင်းလည်း အမေရိကန်အခြေစိုက် ရာသီဥတုပြောင်းလဲမှုခန့်မှန်းရေးစင်တာ (USCPC) ကလည်း ခန့်မှန်းချက်ထုတ်ပြန်သွားခဲ့သည်။

အယ်လ်နီညိုရာသီဥတုကြောင့် ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ဘက်ပိုင်းဒေသများတွင် ရေမျက်နှာပြင် ပူနွေးမှုများဖြစ်ပေါ်နေသကဲ့သို့ ရေမျက်နှာပြင်ပူနွေးမှုနှင့်ဆက်စပ်သော နောက်ဆက်တွဲပြဿနာများဖြင့်လည်း ရင်ဆိုင်နေရကြောင်း၊ ထို့ပြင် အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော နိုင်ငံများတွင်လည်း တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်လျက်ရှိသကဲ့သို့ အချို့သော နိုင်ငံများတွင်လည်း မုန်တိုင်းဝင်ရောက်တိုက်ခတ်မှု အကြိမ်ရေစိပ်နေသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# နယူးဒေလီမြို့တွင် မိုးအတုနည်းပညာဖြင့် လေထုညစ်ညမ်းမှုပြဿနာကို ဖြေရှင်းရန်ပြင်ဆင်

**နယူးဒေလီ နိုဝင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေပြီး မြို့တော်အတွင်း ရုပ်ကြွင်းလောင်စာသုံးမော်တော်ယာဉ်များ အသုံးပြုခြင်းကို ယာယီတားမြစ်ထားသော်လည်း လေထုညစ်ညမ်းမှုပမာဏကို ထိရောက်စွာ လျှော့ချနိုင်ခြင်းမရှိသေးသည့်အတွက်ကြောင့် အိန္ဒိယသုတေသီများက နယူးဒေလီမြို့အတွင်း မိုးအတုနည်းပညာဖြင့် လေထုညစ်ညမ်းမှုပြဿနာကို ဖြေရှင်းရန် ပြင်ဆင်နေကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့် နယူးဒေလီမြို့အတွင်း မိုးရွာသွန်းပါက လေထုညစ်ညမ်းမှုပမာဏ ကျဆင်းသွားနိုင်သော်လည်း လက်ရှိ မိုးရွာသွန်းမှုမရှိသည့်အတွက်ကြောင့် သုတေသီများက မိုးအတုနည်းပညာကို အသုံးပြု၍ မိုးရွာသွန်းမှု ဖန်တီးသွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

"နယူးဒေလီမြို့တစ်မြို့လုံး မိုးအတုနည်းပညာနဲ့ မိုးရွာသွန်းစေဖို့ခက်ခဲမှာဖြစ်တဲ့အတွက် အဓိကနေရာတွေမှာ မိုးရွာသွန်းအောင် မိုးအတုနည်းပညာနဲ့ ဖန်တီးသွားမှာဖြစ်ပါတယ်"ဟု အိန္ဒိယနည်းပညာကောလိပ်မှ သုတေသီတစ်ဦးဖြစ်သူ အာဂရာဝယ်က ပြောကြားခဲ့သည်။

နိုဝင်ဘာလအတွင်း အိန္ဒိယနိုင်ငံ၏ ဘာသာရေးပွဲတော်ဖြစ်သည့် ဒီပါဝလီပွဲတော်လည်းရှိနေသည့်အတွက် လေထုညစ်ညမ်းပမာဏ ပိုမိုမြင့်တက်လာနိုင်သဖြင့် အိန္ဒိယသုတေသီများက နိုဝင်ဘာ ၂၀ ရက်မှစတင်၍ နယူးဒေလီမြို့ကို မိုးအတုနည်းပညာဖြင့် မိုးရွာသွန်းစေရန် စီစဉ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဆောင်းဦးကာလရောက်တိုင်း လေထုညစ်ညမ်းမှုပြဿနာဖြင့် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရပြီး ယခုနှစ်တွင် လေထုညစ်ညမ်းမှုပမာဏမှာ ယခင်နှစ်များထက် ပိုမိုဆိုးရွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အိုက်စလန်နိုင်ငံတွင် ငလျင်လှုပ်ခတ်မှုများလာခြင်းကြောင့် ခရီးသွားအများအပြား လာရောက်လည်ပတ်သောရေပြာအိုင်ကို ယာယီပိတ်ထား

**ရေကျာဗစ် နိုဝင်ဘာ ၁၀**

အိုက်စလန်နိုင်ငံ ရေကျာဗစ်ကျွန်းဆွယ်ဒေသတွင် ယခုရက်ပိုင်းအတွင်း ငလျင်လှုပ်ခတ်မှုများလာခြင်းကြောင့် လူသိများထင်ရှားပြီး ခရီးသွားအများအပြား လာရောက်လည်ပတ်သော ရေပြာအိုင်ကို နိုဝင်ဘာ ၉ ရက်မှ ၁၆ ရက်ထိ ခရီးသွားဝင်ရောက်ခွင့် ယာယီပိတ်ထားကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၉ ရက် သတင်းများအရ သိရသည်။

အိုက်စလန်ကျွန်းတွင် အောက်တိုဘာ ၂၅ ရက်မှစတင်၍ ငလျင်ငယ်များလှုပ်ခတ်လျက်ရှိရာ နိုင်ငံ၏အနောက်တောင်ပိုင်းဒေသများတွင် ငလျင်ငယ်အကြိမ်ပေါင်း ၁၂၀၀၀ ခန့်ထိလှုပ်ခတ်ခဲ့ကြောင်း၊ နိုဝင်ဘာ ၈ ရက်က ပြင်းအား ၄ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ရေပြာအိုင်အပန်းဖြေစခန်း တာဝန်ရှိသူများက အပန်းဖြေစခန်းကို ယာယီပိတ်ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကြိုတင်ကာကွယ်မှုအစီအမံတွေကို လုပ်ဆောင်ရတာက ဧည့်သည်တွေအတွက် ဘေးကင်းရေးနဲ့ ကျန်းမာပျော်ရွှင်ရေးကို အဓိကရည်ရွယ်ပြီး လုပ်ဆောင်ခဲ့တာပဲဖြစ်ပါတယ်"ဟု ရေပြာအိုင်အပန်းဖြေစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အိုက်စလန်နိုင်ငံသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း မီးတောင်ပေါများရာ ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပျမ်းမျှအားဖြင့် လေးနှစ်မှ ငါးနှစ်အတွင်း မီးတောင်ပေါက်ကွဲမှုတစ်ကြိမ်ဖြစ်ပွားလေ့ရှိရာ ယခုကဲ့သို့ ငလျင်ငယ်များ ဆက်တိုက်လှုပ်ခတ်ခြင်းက မီးတောင်များပေါက်ကွဲနိုင်သည့် ရှေ့ပြေးလက္ခဏာများ ဖြစ်သောကြောင့် မြို့ပြကာကွယ်ရေးနှင့် အရေးပေါ်စီမံခန့်ခွဲရေးဌာနကလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးအစီအမံတချို့ကို မကြာသေးမီက ထုတ်ပြန်ခဲ့သေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**



# ဘရာဇီးအမေဇုန်မိုးသစ်တောပြုန်းတီးမှု ငါးနှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့

**ဘရာစီးလီးယား နိုဝင်ဘာ ၁၀**

ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောပြုန်းတီးမှုသည် ငါးနှစ်တာကာလအတွင်း ၂၂ ဒသမ ၃ ရာခိုင်နှုန်းထိကျဆင်းခဲ့ပြီး သစ်တောပြုန်းတီးမှု အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖြိုဟ်တုစောင့်ကြည့်လေ့လာရေး၏ဖော်ပြချက်များအရ ဘရာဇီးနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် ဇူလိုင်လထိ သစ်တောဧရိယာ ၉၀၀၀ စတုရန်းကီလိုမီတာ ပြုန်းတီးခဲ့ကြောင်း ဘရာဇီးအမျိုးသားအာကာသအေဂျင်စီ၏ နှစ်စဉ် သစ်တောပြုန်းတီးမှုခြေရာခံအစီအစဉ်က ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါပမာဏသည် ၂၀၁၈ ခုနှစ်နောက်ပိုင်း တစ်နှစ်အတွင်း သစ်တောပြုန်းတီးမှုက ၁၀၀၀၀ စတုရန်းကီလိုမီတာအောက်သို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရလဒ်သည် ရာသီဥတုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ဘရာဇီးနိုင်ငံ၏ပါဝင်မှုအခန်းကဏ္ဍကို တွန်းအားတစ်ရပ်ဖြစ်စေကြောင်း ရာသီဥတုလေ့လာစောင့်ကြည့်ရေးအဖွဲ့၏အကြီးအကဲဖြစ်သူ မာရီကိုးလ်အက်စ်တီနီက ပြောကြားခဲ့သည်။

သို့သော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများက အစိုးရနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုများကို တားဆီးရေး အရှိန်မြှင့်လုပ်ဆောင်ရန် တိုက်တွန်းခဲ့ကြကြောင်း၊ ဘရာဇီးအမေဇုန်မိုးသစ်တောသည် ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးရန် ကာဗွန်စုပ်ယူနိုင်သည့် သစ်ပင်ဘီလီယံရာနှင့်ချီရှိသော ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရာ အဓိကအရင်းမြစ်တစ်ခုဖြစ်သော်လည်း အန္တရာယ်များသည့် အခြေအနေများနှင့် ရင်ဆိုင်နေရသည်ဟု ကျွမ်းကျင်သူများက ထောက်ပြပြောဆိုထားကြောင်း သိရသည်။

ယခုနှစ် အောက်တိုဘာလအတွင်း ဘရာဇီးအမေဇုန်မိုးသစ်တောအတွင်း တောမီးလောင်မှု အကြိမ်ပေါင်း ၂၂၀၀၀ ကျော်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# မလေးရှားနိုင်ငံတွင် ရေဘေးအန္တရာယ်ကြောင့် လာဝါ့လေဆိပ်ကို ယာယီပိတ်ထားရ

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၀**

မလေးရှားနိုင်ငံ ဆာရာဝက်ခ်ပြည်နယ် လာဝါ့မြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားကာ လာဝါ့လေဆိပ်အတွင်း ရေလွှမ်းနေသည့်အတွက်ကြောင့် လာဝါ့လေဆိပ်ကို ယာယီပိတ်ထားရကြောင်း မလေးရှားလေကြောင်းအာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေဆိပ်အတွင်းရှိ လေယာဉ်ပြေးလမ်းများမှာ ရေလွှမ်းနေသည့်အတွက် အန္တရာယ်ရှိသဖြင့် လာဝါ့လေဆိပ်ကို နိုဝင်ဘာ ၁၂ ရက်ထိ ယာယီပိတ်သွားမည်ဖြစ်ပြီး လေဆိပ် ယာယီပိတ်ထားသည့်ကာလအတွင်း လေဆိပ်အတွင်းမှ ရေများကို ဖယ်ရှားရှင်းလင်းသွားမည်ဖြစ်ကြောင်း လာဝါ့လေဆိပ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"လာဝါ့လေဆိပ်အတွင်း ပြေးလမ်းတွေပေါ်မှာ ရေလွှမ်းနေတဲ့အတွက် လေဆိပ်ကို နိုဝင်ဘာ ၁၂ ရက်ထိ ယာယီပိတ်ထားဖို့ ညွှန်ကြားထားပါတယ်။ လေဆိပ်အတွင်း အန္တရာယ်ကင်းတဲ့ အခြေအနေရောက်မှ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲခွင့်ပြုသွားမှာဖြစ်ပြီး နိုဝင်ဘာ ၁၂ ရက်ထိ ယာယီပိတ်ထားတယ်ဆိုပေမဲ့လဲ လေဆိပ်ပြန်လည်ဖွင့်လှစ်ဖို့က မိုးလေဝသအခြေအနေပေါ်မှာလဲ မူတည်ပါတယ်" ဟု ဆာရာဝက်ခ်ပြည်နယ် သယ်ယူပို့ဆောင်ရေးဝန်ကြီး ဒါတက်ခ်စရီလီကင်မ်ရှင်က ပြောကြားခဲ့သည်။

လာဝါ့မြို့တွင် နိုဝင်ဘာ ၉ ရက် ညက မိုးသည်းထန်စွာရွာသွန်းပြီး လာဝါ့မြစ်ရေလျှံတက်မှုဖြစ်ပွားခဲ့ကြောင်း၊ မြစ်ရေလျှံတက်မှုကြောင့် လာဝါ့မြို့ရှိဧရိယာတချို့တွင် မော်တော်ယာဉ်များ အသုံးပြုခြင်းကို ယာယီတားမြစ်ထားကြောင်း သိရသည်။

လာဝါ့မီးသတ်တပ်ဖွဲ့ကလည်း လာဝါ့လေဆိပ်အတွင်းမှ ရေများကို ဖယ်ရှားရှင်းလင်းခြင်း အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ လာဝါ့မြို့အတွင်း ရေလွှမ်းနေသည့် အဓိကနေရာများကိုလည်း အမြန်ဆုံး ရှင်းလင်းပေးနေသည်ဟု ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ဝါကျွတ်ဥပုသ်

ယဉ်ယဉ်(ရွှေခယ်မြေ)



(၁)

ဖျတ်ခနဲ ရီမွှေးလန့်နိုးပြီး နာရီလှမ်းကြည့်မိတော့ ည တစ်ချက်တီးလောက်။ နားထဲ အသံတစ်ခုခုကြားမိသလိုလို မသိစိတ်ကဘဲ ထင်လေသလား နားစွင့်မိတော့ ဘာသံမှမကြားတော့။ အိပ်နေရင်း ထင်ယောင်ထင်မှားဖြစ်တာနေမှာပါလို့တွေးရင်း အနားကယောကျ်ားကို ကြည့်လိုက်တော့ နှစ်နှစ်ခြိုက်ခြိုက် တခူးခူး တခေါခေါ ဟောက်တောင်နေသေး။ အပေါ့အပါးသွားလိုက်အုံးမှဆိုပြီး အသာအယာထ အိမ်သာဘက်ကိုအထွက် ထမင်းစားခန်းမီးဖိုချောင်အဖြတ်မှာ အခန်းဘက်ဆီကနေ ချိုးချိုးချွတ်ချွတ်အသံကြားတာနဲ့ မိမိအိပ်မက်မက်ပြီး ထင်ယောင်ထင်မှားကြားမိတာ မဟုတ်တာသေချာသွားတယ်။ ရပ်ကွက်ထဲ ဟိုအိမ်ဒီအိမ် သူခိုးကပ်တဲ့သတင်းကလဲကြီးနေတော့ သူခိုးများဝင်သလားတွေးမိပြီး ခေါင်းကြီးသွားတယ်။ ခြေသံမကြားအောင် ချွတ်နင်းပြီး အနည်းငယ်ဟနေတဲ့ တံခါးကြားကနေ မီးဖိုခန်းထဲ ချောင်းကြည့်လိုက်တော့ ယောက္ခမကြီး ဒေါ်စိန်တင်။

မနက်ကတော့ သီတင်းဝါလကျွတ်ခါနီး ဘုန်းကြီးကျောင်းသွားဥပုသ်စောင့်အုံးမှဟု မောင်းတင်ကြွေးကြော်ခဲ့တဲ့ ရီမွှေးရဲ့ တစ်ဦးတည်းသောယောက္ခမကြီးစစ်စစ်။ တိုးတိုးတိတ်တိတ် လူခြေတိတ်မှ ကြောင်အိမ်ထဲကဝက်သားဟင်းတွေထုတ်ပြီး ဇလုံနဲ့အားပါးတရနယ်စားနေတာ။ အသံမကြားအောင် အသာလေး အိမ်သာဘက်ထွက် ကိစ္စရှင်းပြီး ပြန်ဝင်အိပ်ခဲ့ရပေမဲ့ ယောက္ခမကြီးနဲ့ထမင်းဇလုံက မျက်စိထဲကမထွက်။

(၂)

ရီမွှေးနဲ့ မောင်နဲ့ယူတော့ တစ်ဦးတည်းသောသားရှင် ယောက္ခမကြီး ဒေါ်စိန်တင်နဲ့စတွေ့ရတာက-

"အမယ်လေးတော် ငါ့သားလေး ဘာကြည့်ကြိုက်တယ်မသိပါဘူး။ အသားကလဲ မည်းသေး။ လူကလဲ ပိန်ကပ်နေတာ ငါးကျည်းခြောက်မျှားအေ။ ပညာလေးတတ်လားဆိုတော့လဲ အတန်းက သေစာရှင်စာသာသာ ရေးတတ်ဖတ်တတ်ရုံနဲ့ ကျောင်းကထွက်လိုက်ရသေး။ ငါ့သား ဘာကြည့်ကြိုက်တယ်တော့ မပြောတတ်ပေါင်အေ"

အမှန်တော့ ရီမွှေးက ညိုချောမှန်းတစ်ရွာလုံးသိကြတယ်။ ပိန်ကပ်တယ်ဆိုတာကလဲ ကြည်ကြည်ဖွေးတို့ခေတ်က ယောက္ခမကြီးရဲ့မျက်စိအမြင်။ သူ့သားနဲ့ သဘောမတူတာမို့လို့ တမင်အပြစ်ရှာ ပြောမှန်းလဲ ရီမွှေးနားလည်တယ်။

သူ့သား ကိုအောင်မြတ်ကိုပြောသလိုလိုနဲ့နှိပ်ကွပ်တဲ့အပြောမှန်းသိပေမဲ့ မိခင်တစ်ယောက်ရဲ့သားအပေါ်ထားတဲ့ အတ္တလို့ပဲတွေးပြီး စိတ်ကိုလျှော့တယ်။ ကိုယ်တိုင်ကလဲ မောင့်ကိုချစ်တဲ့အချစ်ကြောင့် မောင့်အမေဘာပြောပြော တည့်အောင်ပေါင်းရမယ်တွေးပြီးသားမို့လို့ ယောက္ခမပြောချင်တာပြော ဘာမှပြန်မပြောခဲ့။ အသက် ၄၀ ကျော်မှ အမြုမအခေါ်ခံရာကနေ ရှားရှားပါးပါးရလာတဲ့သားမို့လို့ ချစ်တာလဲ အပြစ်မမြင်ပါဘူး။ ယောကျ်ားဆုံးပြီးတဲ့နောက်ပိုင်း အမေတစ်ခု၊ သားတစ်ခုဘဝနဲ့ဆိုတော့လဲ မောင့်အမေခမျာ နှမြောရှာမှာပေါ့။ ဒီကြားထဲ မောင်တို့က ရွာမှာ အတော်ချမ်းသာသူတွေ။ မောင့်အဖေက စပါးပွဲစားလုပ်ပြီး ငွေအရှာအလွန်ကောင်းခဲ့တာကြောင့် ရွာမှာတော့ မောင်တို့မိသားစု တစ်သက်စားမကုန်အောင် ချမ်းသာတယ်လို့ နာမည်ကြီးတဲ့ထိ။ ခေတ်ပညာတတ်ဘွဲ့ရ မောင့်ကို သမက်တော်ချင်တဲ့ ယောက္ခမလောင်းတွေကလဲ ရွာမှာ ရေလာမြောင်းပေးနေကြတာ ကြားနေရတယ်။

(၃)

သားတစ်ယောက်၊ သမီးတစ်ယောက်ရပြီးနောက်ပိုင်း ယောက္ခမကမြေးတွေကို သည်းသည်းလှုပ်လာတာကြောင့် ရီမွှေးအပေါ် အရင်လောက်အပြစ်မပြောတော့ပဲ ပစိပစပ်များတာကလွဲ အဆင်ပြေတယ်။ ရီမွှေးဘက်ကလဲ ကိုယ်ကနိမ့်ပါးသူဆိုတော့ အကုန်သည်းခံတယ်။ ကိုယ်သဘောမကျပေမဲ့ ယောက္ခမသဘောကျပြီးရောယောက္ခမအလိုကျ ချွေးမအလိမ္မာအဖြစ် မောင်နဲ့ယူပြီးအခုချိန် ကလေးတွေအလယ်တန်းတက်တဲ့အရွယ်ထိမိသားစုမှာ အားလုံးစိတ်ချမ်းသာအောင် နေထိုင်ပြောဆိုတယ်။ ယောက္ခမဆိုတာကလဲလေ-

"ရီမွှေးရေ"

"ရှင် အမေ"

"မနက်ဖြန်သီတင်းကျွတ်လပြည့် ဥပုသ်နေ့ ကြိုသတိပေးတာ"

"ဟုတ်ကဲ့ပါအမေ"

ဥပုသ်နေ့တွေဆို ရီမွှေးအလုပ်က ယောက္ခမကြီးနဲ့ ရွာဦးကျောင်းလိုက် သီလယူရတယ်။ ပြန်လာရင် ယောက္ခမကြီးက ဥပုသ်ရက်ကုသိုလ်အဖြစ် ဆွမ်းချိုင့်ပို့ဖို့ပြင်ရတယ်။ ဒါတင်မကသေး။ ဥပုသ်နေ့တိုင်း ရွာထဲက သူ့သူငယ်ချင်း ငါးယောက်လောက် ထမင်းဖိတ်ကျွေးလက်ဆုံစုစားကြဖို့ ချက်ပြုတ်ပြင်ဆင်ရတာမို့လို့ အဲဒီရက်မျိုးဆို မနက်မိုးမလင်းခင်ကပင်မအား။ ဘုန်းကြီးကျောင်းသွားမယ်ပြင်တော့လဲ-

"ရီမွှေး လာပါအုံး။ ငါ့ကိုကြယ်သီးတပ်ပေးအုံး"

ဘုန်းကြီးကျောင်းသီလယူမဲ့ ယောက္ခမရဲ့ မသွားခင် ဝေယျာဝစ္စကတစ်မျိုး။ သီလယူသွားရင်ဝတ်ဖို့ အင်္ကျီအဖြူကို သိမ်းထားတဲ့ စိန်ကြယ်သီးထုတ်တပ်ခိုင်းတာ။ ပြီးတာနဲ့ ဆီရွဲနေအောင်လိမ်းထားတဲ့ ရှိစုမဲ့စုဆံပင်ကိုထိပ်ပေါ်ရောက်လုနီးပါး ခပ်မြင့်မြင့်ဖြီးပြီး ရွှေဘီးကို ထုတ်ပတ်လိုက်တယ်။ ပါးစပ်ကလဲ အနားလိုအပ်တာလုပ်ကိုင်ပေးနေတဲ့ ရီမွှေးကိုပြောသေး။

"ဒါတွေက ငါသေသွား ငါ့မြေးတွေဖို့အမွေပဲ ဆိုတာမျိုး"

ပြီးတာနဲ့ ချက်လောက်ထိနီးပါး ရွှေဆွဲကြိုးကြီး တယမ်းယမ်း တလှုပ်လှုပ်နဲ့ တန်ဆာပလာပြည့်စုံမှ လက်မှာ ဆင်စွယ်ပုတီးကိုပတ်ပြီး ဘုန်းကြီးကျောင်းကို ချီတက်တော့တာမျိုး။ ရီမွှေးကတော့ ဘေးကနေအဖော်အနေနဲ့ ယောက္ခမရဲ့ပါရမီဖြည့်ဖက်။

(၄)

သီလပေးချိန်က ၉ နာရီမှဆိုပေမဲ့ ကျောင်းမွှာရုံပေါ် ဟိုတစ်စု ဒီတစ်စု ဥပုသ်သည်တွေကြား မိန်းမတွေကများတာကြောင့် ထုံးစံအတိုင်း အတင်းရယ်တော့မဟုတ် စပ်မိစပ်ရာတွေပြောကြတယ်။ အဲ မစပ်မိရင်လဲ တကူးတကစပ်ပြီး သတင်းဖလှယ်ကြတာမျိုး။ ယောက္ခမကြီးကလဲ သူ့အဖွဲ့နဲ့သူ တပြုံးပြုံးနဲ့လေကျနေတယ်။ ရီမွှေးမှာသာ အလိုက်အထိုက် လူကြီးတွေကြား ဝင်နားထောင်ရတာမျိုး။ ယောက္ခမကလဲ တစ်ခါတလေ ချွေးမဘေးထား စိတ်ထဲမတွေ့တာတွေပြောချင်ပြောနေသေးတယ်။ အတူနေတာကြာလာတော့ အပြောဆိုးပေမဲ့ သဘောမဆိုးတာမို့လို့ ဘာပြောပြော ရီမွှေးက အပြစ်မမြင် သူ့ဝသီဆိုပြီး ခေါင်းထဲကိုမထည့်။ အခုလဲ မြေး နှစ်ယောက်ရနေတာတောင်မှ ကျုပ်သားကို သဘောကျနေတဲ့ ဘယ်သူ့သမီးက အခု ဘယ်မှာ ဘယ်လိုတွေကောင်းစားနေတာ။ အဲဒီကောင်လေ ကျုပ်စကားနားမထောင်လို့ မတိုးတက်တာ ဘာညာနဲ့ အာပေါင်အာရင်းသန်သန် လေကန်စမြဲ။

ဘေးနားကနားထောင်တဲ့သူတွေက ရီမွှေးကို အားနာသလိုကြည့်လိုက်၊ နားထောင်လိုက်နဲ့ဖြစ်နေရတာမျိုး။ ရီမွှေးကတော့ နားရည်ဝရိုးအီနေတာမို့လို့ ဘေးကလူတွေကို ဘာမှမဖြစ်ဘူး အရေထူနေပြီအပြုံးနဲ့ပြုံးပြပြီး သူတို့အားနာတာကို ကိုယ်ကပြန်အားနာမိသေး။ သီလယူချိန်ရောက်လို့ ဆရာတော်ပေးတဲ့သီလသာယူလိုက်ရတယ်။ ယောက္ခမကြီးတို့အဖွဲ့က ရွာထိပ်၊ ရွာလယ်၊ ရွာဆုံး ပြောစရာစကားကမကုန်ကြသေး။ ကိစ္စမရှိ။ နောက်ဆက်တွဲ အချိန်ပိုရသေးတာကြောင့် သီလယူပြီး ကိုယ်စီကိုယ်စီ လူစုခွဲအိမ်ပြန်ကြတော့တယ်။

(၅)

အိမ်ရောက်လို့ ယောက္ခမက ခုတင်ပေါ်ကျောဆန့်ခြေဆန့်နားရပေမဲ့ ရီမွှေးမှာ ဘာမှမဆန့်နိုင်သေး။ ဆွမ်းချိုင့်ပို့ဖို့ အချိန်မီချက်ပြုတ်ရတယ်။ ဆွမ်းချိုင့်လိုက်သိမ်းတဲ့ ကပ္ပိယလာရင် အချိန်မီပေးလို့ရအောင်။ ထမင်းစားချိန်နီးရင်လဲ ယောက္ခမရဲ့တစ်ထောင့်တစ်ညစကားပြောဖော်တွေက နောက်ဆက်တွဲအနေနဲ့ ဓမ္မာရုံမှာကျန်နေတဲ့သတင်းတွေ အိမ်မှာစုဖလှယ်ကြအုံးမယ်။ ရောက်လာတဲ့ရွာထဲက ယောက္ခမသူငယ်ချင်းတွေအတွက် အကုန်လိုအပ်တာမရှိရအောင် လုပ်ကိုင်ပေးပြီး ထမင်းပွဲပြင်ကျွေးမွေးရတယ်။ ဒီလိုကျွေးမွေးဖို့ ချက်ပြုတ်ပြင်ဆင်ပေးရတာကိုလဲ ယောက္ခမက ကုသိုလ်အင်မတန်ရတယ်ဟု တရားပြတယ်။ ဥပုသ်သည်တွေကို ကျွေးမွေးလှူရတာဖြစ်တာကြောင့် နတ်ပြည်မှာတောင် ဘုံပေါက်လောက်တဲ့ထိ ကုသိုလ်ထူးကြောင်း ယောက္ခမတရားကို ရီမွှေးမကြာခဏ နာရတယ်။ အိမ်ရှေ့ဧည့်ခန်းဆီမှ ယောက္ခမနဲ့သူ့သူငယ်ချင်းတွေကတော့ ရီမွှေးတည်ခင်းထားတဲ့ လက်ဖက်သုပ်လေးစားရင်း၊ ရေနွေးကြမ်းလေးသောက်ရင်း ဘုန်းကြီးကျောင်းမှာ မပြီးသေးတဲ့ သတင်းတွေဆက်ပြောကြပြန်တယ်။ အဲဒီကနေမှ အွန်စော၊ ဂျွန်စောကအစပြုဒါရိုက်တာရင်အလယ်၊ F4 မင်းသားအဆုံး အိမ်မှာဆိုကလေးတွေနဲ့အပြိုင် ကိုရီးယားကားအမြဲကြည့်ကြတဲ့ဘဝတူ အဘွားကြီးတွေပီပီ ကိုရီးယားကားဘက် စကားဆက်ကြပြန်လေတော့တယ်။ ရီမွှေးကတော့ ကလေးစားဖို့အတွက်၊ လင်ဖြစ်သူစားဖို့အတွက် ပြင်ဆင်လုပ်ကိုင်ရင်း ယောက္ခမတို့စားထားတဲ့ ပန်းကန်တွေ ဆေးကြောရှင်းလင်းရတယ်။

အိမ်ရှေ့က လက်ပံပင်ဆက်ရက်ကျသလို အသံတွေက အတော်ကျဲလာပြီ။ ဒါဆို ရီမွှေး ထုံးစံမပျက် သိလိုက်ပြီ။ အပိတ်တရားအနေနဲ့မျက်စိတွေစင်း ထမင်းဆိပ်တက်တဲ့အချိန်လောက်မှာတော့ သစ္စာလေးပါးတရားဘက် ရောက်သွားကြပြီး မကြာပါဘူး အလျှိုအလျှို လူစုခွဲ နှုတ်ဆက်အိမ်ပြန်သွားကြလေတော့တယ်။

(၆)

ရီမွှေးလဲ လုပ်စရာတွေလုပ်အပြီး ညနေ ၆ နာရီလောက်မှာတော့ မောင်ပြန်ရောက်လာပါတော့တယ်။

"ရီမွှေးရေ ဒီမှာမြို့ကိုအဖော်နဲ့တက်ပြီး ရောက်တုန်း ဝက်သားနီချက်ဝယ်လာတယ်"

ရွာဘက်မှာက ငါး၊ ပုစွန်သာ မကြာခဏစားရပေမဲ့ ဝက်သား၊ ကြက်သားက ရောင်းသူရှိမှစားရတာမျိုး။ ကြက်ဆိုအရှင်သတ်ပြီး ဟင်းချက်တာကြောင့် ရီမွှေးက အကုသိုလ်မြင်ပြီး မွေးလဲမမွေး စားဖို့လဲမမှာ။ ဝက်သားကတော့ တစ်ခါတလေပေါ်ပြီး ရွာနီးနားက လာရောင်းမှသာ စားရတယ်။ ဒီတော့မြို့ပေါ်ရောက်ပြီဆို အိမ်အတွက် ဆိုင်ကနေဟင်းအမြဲဝယ်လာတတ်တာ ယောကျ်ားရဲ့ထုံးစံ။ ယောကျ်ားက ပြောပြောဆိုဆိုနဲ့ ဝက်သားထုပ်ကိုလှမ်းပေးပြီး သူ့အမေဘက် လှည့်မေးလိုက်တယ်။

"အမေ ဥပုသ်ရတယ်မလား"

"အေး"

ဘာကြောင့်ရယ်မသိ။ သူ့ရဲ့ချစ်လှစွာသော သားရဲ့အမေးကို အေးတစ်လုံးတည်း တိုတိုတုတ်တုတ်ပြန်ဖြေလိုက်တဲ့ ယောက္ခမလေသံက သိပ်အစာမကြေသံ။ အခါကြီး ရက်ကြီး မြို့တက်စီးပွားရှာနေလို့ပဲ ဖြစ်မယ်ထင်ပါရဲ့။ မောင့်ဆီက ဝက်သားထုပ်ကိုလှမ်းယူပြီး မီးဖိုချောင်ဘက်အသွားမှာ ဝက်သားဆို အသေအလဲကြိုက်တဲ့ ဥပုသ်သည်ယောက္ခမဆီ ဘာရယ်မဟုတ်ဖျတ်ခနဲ ရီမွှေးလှမ်းကြည့်လိုက်မိတယ်။ လက်ကပုတီးစိပ်လျက် အိမ်နောက်ဘက် လည်ပြန်လှမ်းကြည့်နေတဲ့ ယောက္ခမကြီးနဲ့မျက်လုံးချင်းအဆုံမှာ ယောက္ခမမျက်နှာက တစ်ခုခုကိုအလိုမကျသလို ရီမွှေးစိတ်ထဲခံစားလိုက်မိတယ်။ မီးဖိုချောင်ဘက်ဝင်ပြီး ဝက်သားနီချက်ကို ပန်းကန်နဲ့လှယ်လိုက်တယ်။ ညနေစာအတွက်ကလေးတွေနဲ့ ယောကျ်ားစားဖို့ပြင်ဆင်ရင်း ဝက်သားကြိုက်တတ်တဲ့ယောက္ခမ မနက်ဥပုသ်ထွက်ရင်စားဖို့

စာမျက်နှာ ၂၅ သို့ ➤

# တမူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၈၀၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**တမူး နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၈၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၅၇၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၈၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးမြို့နယ်မှာ စပါး ၁၅၅၇၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ၁၄၈၀၇ ဧက စိုက်ပျိုးပြီးပါပြီ။ မိုးစပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ အချိန်မီစိုက်ပျိုးကြဖို့ ဆောင်ရွက်ပေးတယ်။ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေးအတွက် ကာကွယ်ရေးနည်းစနစ်တွေ၊ စိုက်ပျိုးနည်းစနစ်တွေ ဆောင်ရွက်ပေးပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲတတ်စေရန်၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တမူးမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းဆောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနှုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ရွာသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**စလင်း နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ပေါက်ကုန်းကျေးရွာအုပ်စု ရွာသာကုန်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၀ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို ငွေကျပ် ၂၀ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းမိုး**

➤ စာမျက်နှာ ၂၄ မှအဆက်

ခပ်ရွှယ်ရွှယ် ဝက်သား လေး၊ ငါးတုံးကို ပန်းကန်ထဲ ဦးချခွဲဖယ်ပြီး ကြောင်အိမ်ထဲထည့်ထားလိုက်တယ်။

(၇)

"ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ. . ."

ဘုရားခန်းထဲက ယောက္ခမကြီးရဲ့ ဩကာသကန်တော့ချီးကြောင့် ရီမွှေး လန့်နိုးသွားမိတယ်။ ညကအတွေးလွန် တော်တော်နဲ့အိပ်မရဘဲ မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားမိတာ။ နောက်ကျနေပြီဖြစ်တာကြောင့် ကမန်းကတန်းအိပ်ရာကထပြီး ထုံးစံအတိုင်း ယောက္ခမနဲ့ ယောက်ျားစားဖို့ ကလေးတွေစားဖို့ မီးဖိုချောင်ထဲဝင်ပြီး မနက်စာပြင်ဆင်ရတယ်။ ယောက္ခမကြီးကတော့ ရွှတ်ဖတ်အမျှဝေပြီး မီးဖိုချောင်ထဲကို စားဖို့ဝင်လာပါတော့တယ်။

"သမီး ဘာချက်ထားလဲ"

"ထမင်းနဲ့ကြက်ဥကြော်ပါအမေ"

"အေး အေး အမေလဲစားတော့မယ်။ ဥပုသ်ထွက်ဆိုတော့ ဗိုက်က စောစောဆာတယ်"

"ဟုတ်အမေ"

ဆွမ်းဖို့ဦးချပြီး အမေ့ကို ထမင်းကြော်ပြင်ကျွေးပြီး ကြောင်အိမ်ထဲက ဝက်သားပန်းကန်ကိုပြန်နွှေးဖို့ကြည့်လိုက်တော့ ညက ယောက္ခမလက်ချက်မိထားလို့ ပန်းကန်လုံးထဲမှာ ဝက်သားတုံးနှစ်တုံးက ငုတ်တုတ်။ ဒါနဲ့ပဲ ရှိတာလေးပြန်နွှေးပြီး ယောက္ခမကြောက်ရသူပီပီ ညက မြင်ကွင်းကို မသိသလိုလုပ်ရင်း။

"မနေ့က အမေ့သားဝယ်လာတဲ့ဝက်သားအမေ။ အမေ့ဖို့သက်သက် ခွဲဖယ်ထားတာကို ကလေးတွေစားကောင်းကောင်းနဲ့ခိုးစားကြတယ်ထင်တယ်။ နှစ်တုံးပဲကျန်တော့တယ်"

"အေးပါကွယ် ငါ့မြေးတွေစားကောင်းပြီးတာပဲ ဆူမနေနဲ့အုံး ငါက လူကြီး။ နည်းနည်းပါးပါးကျန်ရင် တင်းတိမ်တာပါပဲအေ"

ရယ်ချင်စိတ်ကို အတင်းမြိုသိပ်ပြီး ဟန်မပျက်လှုပ်ရှားနေရပေမဲ့ အူထဲက ယားကျိကျိဖြစ်မိတာက ရီမွှေး။ စိတ်ထဲကတော့ ကလေးထက်ဆိုးတဲ့ ကလေးဆိုးကြီးအမေ့လက်ချက်လေလို့ ပြန်ပြောမိပေမဲ့ ထုံးစံအတိုင်း အပြင်မှာတော့ မပြောရဲ။ ယောက္ခမကြီးကတော့ မိမိကြော်ပေးထားတဲ့ ကြက်ဥထမင်းကြော်နဲ့လက်ကျန်ဝက်သားကို အပြတ်ရှင်းပြီးသကာလ စားလက်စပန်းကန်လေးထား လက်ဆေးရင်း နှုတ်ကလဲ-

"ဘာလိုလိုနဲ့ သီတင်းဝါလတစ်ခါကျွတ်ပြန်ပြီအေ။ ဝါတွင်းကာလကနေ ဝါကျွတ်တဲ့ချိန်ထိ ဆောက်တည်သမျှ ဥပုသ်သီလတွေကိုလဲ ကွယ်လွန်သွားတဲ့ခင်ပွန်း ကိုသာရင်နဲ့ဆွေတော်ရှစ်သောင်းမျိုးတော်အပေါင်းကို အမျှပေးပါတယ်။ ကုသိုလ် အမျှ အမျှ အမျှ ယူကြပါ"

အမျှဝေတိုင်း သေဆုံးသွားတဲ့လင်ယောက်ျားကို ထိပ်မှာထားပြီး အမျှဝေတတ်တာကလဲ ထုံးစံ။ ပါးစပ်က တတွတ်တွတ်ရွှတ်ဖတ်ရင်း အိမ်ရှေ့ခန်းဘက်ပြန်ထွက်သွားတဲ့ ဝဝတုတ်တုတ် ဖြူဖြူခန့်ခန့် ဘီးဆံပတ်ကို ငယ်ထိပ်မှာတင်ပြီးပတ်တတ်တဲ့ ယောက္ခမကြီး ဒေါ်စိန်တင်ရဲ့ နောက်ကျောက ရီမွှေးရဲ့အမြင်အာရုံကနေ ခပ်လှမ်းလှမ်းရောက်ချိန်မှာတော့ ရီမွှေးတစ်ယောက် ညက ထမင်းဇလုံနဲ့အပီအပြင်တွယ်နေတဲ့ ယောက္ခမ ပုံရိပ်ကို ပြန်မြင်ယောင်လာပြီး အူထဲက ယားကျိ ယားကျိ ကလိ ကလိ ထရယ်ချင်နေတာကို မအောင့်နိုင်တော့ပေ။ ယောက္ခမကြောက်ရသူပီပီ သူ့ရယ်သံယောက္ခမကြီးကြားမှာလဲစိုးတာကြောင့် ပါးစပ်ကို လက်ဝါးနဲ့ ဖိပြီး ယောက္ခမကြီးရဲ့ ဝါကျွတ်ဥပုသ်ကို တခွီးခွီးကျိတ်ရယ်လိုက်မိပါတော့တယ်။

## ပျည်းအကွရာနှင့် စာရေးဆရာ

- သီကုံးအာဘော် စပ်ဆိုမှုနှင့်
ဟုတ်လှ"ငါ"ဟု မမှတ်လို၊
စာပေသစ္စာ ဆေးမင်စက်
ရေးဆက်သကို၊
ကျင့်သုံးနည်း ဗျည်းအထားအသို
စည်းခြားသလို မင်ရည်ကျဲ၊
ဂန္ထဝင်
စံမတင် ရသမမြောက်ပါလို့
ငရဲရောက်မြဲ။

- သတိယှဉ် အကျိုးမနည်းအောင်ပ
ကလောင်စွဲလို့ ဆောင်ကြဉ်းပါ၊
မညိုးဂုဏ် အခြေပြုပါလို့
လူ့ဘောင်ဂေဟာ၊
အလင်္ကာတေး အနုပညာ
နှုတ်တစ်ရာ စာတစ်လုံး၊
အဆိပ်သဖွယ်
အဓိပ္ပာယ် မပျက်ပြားရအောင်
ချိန်ဆသီကုံး။

- တေးကာရန် ရေးနည်းထုံးတွေနှင့်
စိတ်နှလုံး ဖြူဖွေးအောင်၊
ရှုထောင့်စုံ မညစ်နွမ်းဖို့
ဖြည့်စွမ်းကလောင်၊
အမှောင်ခွင်းလို့ အလင်းဆောင်
ထွန်းလင်းပြောင် ဉာဏ်ကဝိ၊
ဩော်
ရွှေအလှစိကာဖြင့်
ပုလဲမြနရီ ခိုင်ညှာတေးရယ်နှင့်
ကြိုင်ကာမွှေးလို့ အစွမ်းကုန်
စန်းအဟုန် ခြယ်ကာသပါလို့
ထည်ဝါလှ နှလုံးမြတ်စွာနှင့်
ကုံးအပ်စာ အလင်္ကာပွင့်တွေက
ထုံးထပ်လွှာ အစဉ်လာဝင့်မယ်ပ
(ကွယ်တို့ရေ)
ရင့်ကျူးကောင်း၏။ ။

**မင်းသူရိန်(သာကီနွယ်)**

## အသိပေးကြေညာချက်

ခရီးသည်တင်ယာဉ်နှင့် မော်တော်ယာဉ်များတွင် သက်တမ်းရှိသော၊ အသုံးပြုနိုင်သော၊ အစဉ်အမြဲကောင်းမွန်စွာအသုံးပြုနိုင်သော မီးသတ်ဆေးဘူးများ ၂၀၂၂ ခုနှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေပုဒ်မ-၉၃၊ ၁၀၈ နှင့်အညီ ချိတ်ဆွဲထားရှိရမည်။

လိုက်နာခြင်းမရှိပါက ၂၀၂၂ ခုနှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ-၉၆ အရ အရေးယူစီရင်ခြင်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး**
**ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# ကျော်အောင်၏ အရေးကြီးပြီ သွေးစည်းကြစို့

"အရေးကြီးပြီ သွေးစည်းကြစို့"သည် တံတားတစ်ခုတည်ဆောက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ပြဿနာများကိုကျော်ရှီးပြုကာ အချစ်အလွမ်း၊ ပျော်စရာများဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ရေးသားထားသည့် ဘဝသရုပ်ဖော် ရသဝတ္ထုရှည်ဖြစ်သည်။

ဝတ္ထုထဲတွင် အဓိကဇာတ်လိုက်သောင်းဒန်သည် အညာသား၊ စစ်ပြီးစဆယ်တန်းအောင်ပြီး စက်မှုသိပ္ပံကျောင်းဆက်တက်ကာ အင်ဂျင်နီယာဖြစ်လာသည်။ သူ၌ တံတားတည်ဆောက်ရေးအတွေ့အကြုံရှိသည်။ ရန်ကုန်ဆင်ခြေဖုံး ရွှေပြည်ကြီးချောင်းကူးတံတား သီရိကျက်သရေကိုတည်ဆောက်ရာတွင် ပါဝင်ခဲ့သည်။ သရက်သီးဈေးကူးတံတား တည်ဆောက်မှုအတွေ့အကြုံလည်းရှိသည်။ အင်္ဂလိပ်အင်ဂျင်နီယာများနှင့်တွဲ၍လည်း တံတားများ တည်ဆောက်ခဲ့ဖူးသည်။ ယခုဆောက်လုပ်မည့် ဇင်ယော်တံတားမှာ ပေ ၄၀၀ ကျော်သာရှည်မည်။ သူ အလွယ်တကူတည်ဆောက်နိုင်လိမ့်မည်ဟု ယူဆ၏။

ဇင်ယော်တံတားဆောက်လုပ်ရေးအတွက် လုပ်သား ၁၅၀ ခန့်လိုသည်။ အင်ဂျင်နီယာ၊ ဖိုမင်၊ လက်သမား၊ ပန်းရန်၊ စက်မောင်း၊ စက်ပြင်၊ သံချည်သံကွေး၊ ဂဟေဆက်၊ ပန်းပဲ၊ သံထည်အလုပ်သမား၊ လျှပ်စစ်ကျွမ်းကျင်သူ၊ ပစ္စည်းထိန်း၊ ယာဉ်မောင်း၊ ရေငုပ်သမား စသည့်ကျွမ်းကျင်သည့်လုပ်သားများလိုသည်။

ပထမအလုပ်သမားများစုကြမည်။ ဆောက်လုပ်ရေးကာလမှာ သုံးနှစ်ခွဲ လေးနှစ်ခန့်ကြာမည်။ လုပ်သားများ၏ စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး အဆင်ပြေအောင်စီစဉ်ရမည်။ အလုပ်သမားများကို ရန်ကုန်က ခေါ်သွားရမည်။ အချို့အလုပ်သမားတို့၏ ဇနီး၊ သားသမီးများမလိုက်ပါနိုင်။ သောင်းဒန်၏ ဇနီးနှင့် သားသမီးများပင် မလိုက်နိုင်။ သူ့ဇနီး မြင့်မြင့်သန်းက ရန်ကုန်တက္ကသိုလ်တွင် နည်းပြဖြစ်သည်။

သောင်းဒန်မှာ လူရတော့ ပစ္စည်းများစုရသည်။ ပြည့်စုံသောအခါ ဇင်ယော်တံတားဆောက်လုပ်ရေးအဖွဲ့ ရန်ကုန်မှ ထွက်ခဲ့ကြသည်။ ရန်ကုန်မှ စိမ့်မြိုင်သို့ ရထားဖြင့်၊ စိမ့်မြိုင်မှ ဇင်ယော်မြို့သို့ ကားဖြင့် ခရီးဆက်ကြသည်။ ပစ္စည်းများကို စက်လှေဖြင့် တချို့သယ်ရသည်။

ဇင်ယော်ရောက်တော့ တချို့က ပစ္စည်းများသယ်၊ တချို့က တဲအိမ်ကြီးနှစ်လုံးဆောက်ကြသည်။ အထက်က ရွေးချယ်ပေးသောအင်ကြင်းတောင်ခြေတွင် စခန်းချကာ တံတားဆောက်ရန်ပြင်ဆင်ကြသည်။ လိုအပ်သော သဲနှင့်ကျောက်များရရန် ပါတီဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ၊ တပ်ရင်းမှူးတို့နှင့် ညှိနှိုင်းရသည်။ သဲကို သောင်ပြာမှရသည်။ ကျောက်ကို ၁၃ မိုင်မျှဝေးသော ကျောက်မိုင်းမှရမည်။ ကားတစ်တန်၊ လှေတစ်တန်ဖြင့်သယ်ရမည်။ ရရှိသော ကျောက်များကို ကျောက်ခွဲစက်ဖြင့် ခွဲရမည်။

လုပ်သားများ စားသောက်ရေးအတွက် ဇင်ယော်ကုန်သွယ်ရေးမှပစ္စည်းများရရန်စီစဉ်ရသည်။ အကုန်အကျသက်သာရန် စုပေါင်းချက်ပြုတ်စားသောက်ကြသည်။ ဤအတောအတွင်း အလုပ်သမားတချို့ ပြန်ပြေးကြသည်။ ထို့ကြောင့် ဇနီးနှင့်သားသမီးများပါခေါ်လာရန်စီစဉ်ရသည်။

ဤအတောအတွင်း အလုပ်သမားအဆောင်များ ထပ်ဆောက်ရသည်။ အဆောင် ငါးဆောင်ဆောက်ပြီးသွားသည်။ အင်ဂျင်နီယာများအတွက် အိမ်ငယ်ငါးလုံး၊ တံတားထိပ်တွင် ရုံး၊ ရုံးတောင်ဘက်တွင် စတိုကြီးတစ်ခု၊ ဘိလပ်မြေအိတ်များထားရန် ဂိုဒေါင်ကြီးတစ်လုံး၊ ဆေးပေးခန်း၊ အလုပ်သမားများအတွက် တဲတန်းလျားတစ်ခု၊ မီးစက်ထားရန် အဆောင်တစ်ခု၊ အလုပ်ရုံနှင့် ပန်းပဲဖိုအတွက် တန်းလျားတစ်ခု။

လုပ်ငန်းမစမီ ကျောက်ခွဲစက်အသံကို အရင်ကြားနေရသည်။ လုပ်ငန်းမစမီ စခန်းစည်းကမ်းများ ရေးဆွဲရသည်။ စခန်းအုပ်ချုပ်ရေးမှူးနှင့် ကော်မတီများဖွဲ့ရသည်။ စခန်းကိစ္စအထိုင်ကျမှ တံတားဆောက်လုပ်ရေးကိစ္စစရသည်။

ဇင်ယော်ချောင်းသည် ပေ ၄၀၀ ကျော် ကျယ်သည်။ တောင်ဘက်မြေထိန်းနံရံနှင့် မြောက်ဘက်မြေ

> **❖ စခန်းတွင်းတွင် နာမကျန်းသူများအတွက် ဆေးခန်းဖွင့်ရသည်။ သူနာပြုဆရာမငှားရသည်။ လက်ဖက်ရည်ဆိုင်ဖွင့်ရသည်။ အလုပ်သမားခန့်ရသည်။ တစ်နိုင်ငံလုံး ဆန်ပြဿနာနှင့် ကြုံနေချိန်မို့ ဇင်ယော်ကုန်သွယ်ရေးကို အကူအညီတောင်းရသည်။ အလုပ်သမားတို့၏ သားသမီးများအတွက် ကျောင်းဖွင့်ရသည်။ ကျောင်းဆောက်ရသည်။ လုပ်အားပေးဆရာငှားရသည်။ တစ်နေ့ သုံးကျပ်ဆယ့်ငါးပြားပေးရသည်။ တံတားဦးရွာမှ ကလေးများလည်း စာသင်လာကြသည်။ မိုးမကျမီမြောက်ဘက်မြေထိန်းနံရံနှင့် တောင်ဘက်မြေထိန်းနံရံများဆောက်ပြီးသည်။ မိုးကုန်သောအခါ ရေလယ်တိုင်နံပါတ်တစ်ကိုစသည်။ ❖**

ထိန်းနံရံကြား တိုင်လေးလုံးစိုက်ထူရသည်။ တံတားခန်းအဖွင့်မှာ ပေ ၁၀၀။ တိုင်ခြောက်လုံးပေါ်တွင် အခန်း ငါးခန်းတင်ရမည်။ အားလုံးကွန်ကရစ်လုပ်ငန်းချည်းဖြစ်သည်။ လုပ်ငန်းအားလုံးတွင် ပန်းရန်၊ ပန်းပဲ၊ သံချည်သံကွေးအားလုံး သူ့နေရာနှင့်သူပါဝင်ရသည်။ သို့နှင့် ကျောက်ခွဲသူကခွဲ၊ သဲထမ်းသူကထမ်း၊ ကွန်ကရစ် လောင်းသူကလောင်းဖြင့် အလုပ်ရှုပ်နေကြသည်။

စခန်းတွင်းတွင် နာမကျန်းသူများအတွက် ဆေးခန်းဖွင့်ရသည်။ သူနာပြုဆရာမငှားရသည်။ လက်ဖက်ရည်ဆိုင်ဖွင့်ရသည်။ အလုပ်သမားခန့်ရသည်။ တစ်နိုင်ငံလုံး ဆန်ပြဿနာနှင့် ကြုံနေချိန်မို့ ဇင်ယော်ကုန်သွယ်ရေးကို အကူအညီတောင်းရသည်။ အလုပ်သမားတို့၏ သားသမီးများအတွက် ကျောင်းဖွင့်ရသည်။ ကျောင်းဆောက်ရသည်။ လုပ်အားပေးဆရာငှားရသည်။ တစ်နေ့ သုံးကျပ် ဆယ့်ငါးပြား ပေးရသည်။ တံတားဦးရွာမှကလေးများလည်း စာသင်လာကြသည်။

မိုးမကျမီမြောက်ဘက်မြေထိန်းနံရံနှင့် တောင်ဘက်မြေထိန်းနံရံများဆောက်ပြီးသည်။ မိုးကုန်သောအခါ ရေလယ်တိုင်နံပါတ်တစ်ကိုစသည်။ ပေ ၂၀ အနက်တွင် ကျောက်ဖျာကြီးတွေ့ရသည်။ သောင်းဒန်မျက်လုံးပြူးရပြီ။ အပြင်သို့မပေါက်ကြားရန် လျှို့ဝှက်ထားပြီး ဌာနချုပ်ကို သတင်းပို့ရသည်။ ဌာနချုပ်က နံပါတ်တစ်တိုင်ကို ကမ်းဘက်သို့ပေ ၃၀ ရွှေ့စိုက်ရန် အမိန့်ပေးသည်။ ခန်းဖွင့်က ၇၀ ဖြစ်သွားသဖြင့် တံတားအလှပျက်မည်။ ဌာနချုပ်က စစ်သည်။ တံတားပြီးရန် အရေးကြီးသည်။ နေရာမရွှေ့နိုင်။

မြေစမ်းအဖွဲ့ရောက်လာသည်။ ရေလယ်တိုင်တစ်တိုင်ကို ပေ ၃၀ ရွှေ့စိုက်ရန်အတွက် မြေစမ်းပေးသည်။ တိုင်နံပါတ် (၂)၊ (၃)၊ (၄) တို့အတွက် ဆက်၍ စမ်းသည်။

ဤအတောအတွင်း စခန်းတွင်း၌လည်း လူမှုရေးအရှုပ်အထွေးပြဿနာများနှင့် ရင်ဆိုင်နေရသည်။ ချစ်ရေးကြိုက်ရေး၊ လက်ထပ်ရေး၊ ကလေးမျက်နှာမြင်၊ တင်ပွန်းတပ်၊ သေဆုံး၊ နောက်မီးလင်းသည့်ကိစ္စ၊ လင်မယားရန်ဖြစ်သည့်ကိစ္စ၊ အရက်မူးရမ်းကားသည့်ကိစ္စ။

လုပ်ငန်းကလည်း ဇင်ယော်မြို့နှင့် တံတားထိလမ်းဖောက်ကြရသည်။ သောင်းဒန်က အထက်ညွှန်ကြားချက်အရ ရန်ကုန်-ပြည်လမ်းရှိ ထိန်ကုန်းတံတားကွန်ကရစ်ရက်မသွားတင်ပေးရသေးသည်။

ထိုသို့ အလုပ်ရှုပ်ထွေးနေခိုက် သူငယ်ချင်းဖြစ်သူအင်ဂျင်နီယာသော်ကောင်းသည် စိမ့်မြိုင်သို့ လမ်းအရေးပိုင်အဖြစ် ပြောင်းလာသည်။ တိုင်းမှူးက အင်ဂျင်နီယာသော်ကောင်းအား ဇင်ယော်တံတားကို အထူးအာရုံစိုက်လုပ်ရန် တာဝန်ပေးသည်။ စိမ့်မြိုင်ကောလိပ်နှင့် လေယာဉ်ကွင်းတည်ဆောက်ရန် အခြားသူများကို တာဝန်ပေးရန်ညွှန်ကြားသည်။ လာမည့်နှစ်တွင် ရေပြာထိ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကားများ တောက်လျှောက်ပြေးချင်သည်ဟုဆိုသည်။ ဤတွင် သူငယ်ချင်းအင်ဂျင်နီယာ ကျော်ဆွေခေါ်ကာ လမ်းများဖောက်ရန် တာဝန်ပေးရသည်။

မြေစမ်းအဖွဲ့ကလည်း တိုင်နံပါတ် (၂)၊ (၃) အောက်တွင် ကျောက်ဖျာတွေ့သည်။ တိုင်နံပါတ် (၄) အောက်တွင် ကျောက်ဖျာမရှိဟုဆိုသည်။ အထက်က ကျောက်ဖျာများကို မိုင်းခွဲရန်ညွှန်ကြားသည်။ သို့သော် ရေအောက်ရှိ ကျောက်ကမကွဲ၊ တိုင်များသာအက်သွားသည်။ ဆက်မခွဲရဲ။ နောက်ဆုံးဓာတ်သတ္တုဌာန အကူအညီဖြင့် တိုင်ခြေသို့ပိုက်ချကာ ဘိလပ်မြေအရည်သွင်းရသည်။

ဇင်ယော်တံတား တိုင်နံပါတ် (၂)၊ (၃)တွင် ကျောက်များခံနေသဖြင့် တိုင်ပုံစံပြောင်းရသည်။ တိုင်ညီနောင်အစား တာကောတံတားတွင် တရုတ်အင်ဂျင်နီယာများ ဆောက်သွားသည့်အတိုင်း ၂၃ ပေအတွင်းရှိသော တိုင်လုံးကြီးများစိုက်ရမည်။ ပုံလောင်းရန် သံမဏိစည်ပိုင်းခွံကြီးများရှိသည်။

ဤကာလအတွင်း ဇင်ယော်မြို့ မီးလောင်သည်။ ဇင်ယော်မြို့သစ် ပြန်လည်တည်ဆောက်ရန် သော်ကောင်းကို တာဝန်ပေးသည်။ စခန်းသစ်နှင့် ဇင်ယော်လမ်းဖောက်လုပ်ပြီးစီးသွားသည်။ အင်ဂျင်နီယာကျော်ဆွေ သူ့လုပ်ငန်းပြီးစီးချိန် သူ့အိမ်က မိန်းမပေးစားရန်ခေါ်သဖြင့် ပြန်သွားသည်။ ပြန်လာသောအခါ ဇနီးသည်သာမက ယောက္ခမနှင့် ခယ်မတို့လည်းပါလာသည်။ ကျော်ဆွေ၏ခယ်မနှင့်သော်ကောင်းတို့ ရင်းနှီးသွားကြသည်။ ချစ်သူများဖြစ်ကာ လက်ထပ်ကြသည်။

ဤသို့ဖြင့် ဇင်ယော်တံတားကြီးလည်း တိုင်များပြီးစီးသွားသောအခါ ရက်မတင်ကြသည်။ ရက်မတင်ပြီး ကွန်ကရစ်လမ်းခင်းရန်သာ ကျန်တော့သည်။ တည်ဆောက်ရေးကာလ လေးနှစ်ပြည့်ပြီ။ ကွန်ကရစ်လောင်းနေစဉ် တံတားကို သူပုန်များလာတိုက်သည်။ သောင်းဒန်နှင့် ညွန့်ကြည်ဒဏ်ရာရ၏။ ညွန့်ကြည်ပေါင်ကိုခွဲ၍ ကျည်ဆန်ထုတ်ယူရသည်။ သောင်းဒန် အရိုးတစ်ချောင်းကျိုးသွားသဖြင့် ပလာစတာကိုင်ထားရသည်။

သောင်းဒန်တို့ ဆေးရုံမှဆင်းပြီး နှစ်ပတ်ခန့်အကြာတွင် ဇင်ယော်တံတားလက်ရန်းများ တပ်ဆင်ကြသည်။ ဇင်ယော်တံတားကို အခမ်းအနားဖြင့် ဖွင့်သည်။ ညွန့်ကြည်က တံတားဖွင့်ပွဲတွင် ချိုင်းထောက်ကြီးနှင့် ထော့နဲ့ထော့နဲ့လာကာ ဖဲကြိုးဖြတ်သည်။ ထိုည တံတားတစ်ခုလုံး မီးထွန်းကြသည်။ သောင်းဒန်တို့ အင်ကြင်းတောင်ပေါ် တက်ကြသည်။ သောင်းဒန်က သီချင်းဆိုသည်။ (အင်း၀၊ ဂုတ်ထိပ်၊ စစ်တောင်း၊ ဇင်ယော်တံတားတို့သည် တို့ဆောက်ခဲ့သည်။)

ဤဝတ္ထုရှည်တွင် ဆရာကျော်အောင်သည် တံတားတည်ဆောက်မှုလုပ်ငန်း၊ အင်ဂျင်နီယာနှင့် တည်ဆောက်ရေးအလုပ်သမားတို့၏ အတတ်ပညာ၊ သဘာဝအခြေအနေများကို နိုင်နင်းစွာရေးဖွဲ့ထားသည်ကို တွေ့ရသည်။

ဝေဖန်ရေးဆရာများက "အရေးကြီးပြီ သွေးစည်းကြစို့"သည် ဦးတည်ချက်၊ အကြောင်းအရာနှင့်တင်ပြပုံနိုင်နင်းသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ နိုင်ငံတကာဝတ္ထုများ၊ ဆိုရှယ်လစ်နိုင်ငံများမှ ဝတ္ထုများနှင့်နှိုင်းယှဉ်လေ့လာခြင်းပြုနိုင်သည်ဟု ဆိုကြသည်။

ဆရာကျော်အောင်၏ ငယ်မည်မှာ အောင်ကြည်ဖြစ်သည်။ ၁၉၂၈ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် အဘ ဦးကြင်မောင်-အမိ ဒေါ်တင်မြင့်တို့က ပခုက္ကူမြို့ ပေါင်းလောင်းရှင်ရပ်ကွက်တွင် မွေးဖွားခဲ့သည်။ ပခုက္ကူမြို့ ဝက်စလီကျောင်းတွင် ရှစ်တန်းထိ ပညာသင်ကြားခဲ့ပြီး ဂျပန်ခေတ်တွင် တပ်မတော်သို့ဝင်ခဲ့သည်။ ဂျပန်တော်လှန်ရေးတွင် တိုင်း ၁၊ ၁၀၉ တပ်ရင်းမှာ ပါဝင်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲအောင်ပြီး ဆေးတက္ကသိုလ်သို့ရောက်သည်။ ဆေးတက္ကသိုလ်မှ ဝိဇ္ဇာဘာသာရပ်ကို ပြောင်းလဲယူကာ ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ဆရာကျော်အောင်၏ ထင်ရှားသောဝတ္ထုများမှာ အနီထဲက ကြယ်ဖြူပွင့်၊ ချွေးနဲ့သွေးနဲ့ ရင်းသည့်မြေ၊ လူသမိုင်း၊ သမဂ္ဂအလံတော်အောက်ဝယ်၊ နီဗွာန်ဘုံပျောက်ဆုံးခြင်းတို့ဖြစ်ပြီး ထင်ရှားသောဘာသာပြန်များမှာ ကူလီ၊ မတ်စ်ဝါဒရေသောက်မြစ်သုံးသွယ်၊ မတ်စ်ဝါဒလမ်းညွှန်၊ တောရိုင်းမြေ၊ နှလုံးလှဆရာဝန်၊ ဗီယက်နမ်စစ်ရာဇဝင်ကောင်များဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် "တောရိုင်းမြေ"ဖြင့် အမျိုးသားစာပေဘာသာပြန်ဆုရခဲ့သည်။

**ကိုးကား**

– **မလိခ၏ မြန်မာဝတ္ထုအညွှန်း**

**ပုသိမ်အောင်သန်းဦး**

# ယခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ကိုးသန်းကျော်တန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၁၃၀၀၀ ကျော် တင်ပို့ရောင်းချခဲ့



**နေပြည်တော် နိုဝင်ဘာ ၁၀**

ယခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ကိုးသန်းကျော်တန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၁၃၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပဲအမျိုးအစား ၂၀ ကျော် တင်ပို့ရောင်းချလျက်ရှိရာ ပဲတီစိမ်းသည် အများဆုံးတင်ပို့ရောင်းချနေရသည့် ပဲအမျိုးအစား သုံးမျိုးတွင် ပါဝင်ကြောင်း၊ ထို့ကြောင့် ပဲတီစိမ်းကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အပတ်စဉ်၊ လစဉ်တင်ပို့ရောင်းချ ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချရာတွင် ပြီးခဲ့သည့် အောက်တိုဘာလက ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၉ ဒသမ ၀၄၁ သန်းတန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၁၃၄၀၀၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၉ သန်းတန်ဖိုးရှိ ပဲတီစိမ်း ၄၄၄ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၆ သန်းတန်ဖိုးရှိ ပဲတီစိမ်း ၁၃၈၄၄ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အောက်တိုဘာလအတွင်း ပြည်ပသို့ ပဲတီစိမ်းတင်ပို့ရောင်းချရာတွင် ဗီယက်နမ်နိုင်ငံသို့တန်ချိန် ၇၅၅၀ဖြင့် အများဆုံးတင်ပို့ရောင်းချခဲ့ပြီး တရုတ်နိုင်ငံသို့ တန်ချိန် ၂၄၀၀၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၂၀၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၈၀၀၊ စင်ကာပူနိုင်ငံသို့တန်ချိန် ၇၅၀၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၄၅၀၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တန်ချိန် ၂၅၀ စုစုပေါင်း တန်ချိန် ၁၃၄၀၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၉ သန်းတန်ဖိုးရှိ ပဲတီစိမ်း ၄၄၄ တန် တင်ပို့ရောင်းချပေးခဲ့ပြီး ပဲတီစိမ်းကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချနေခြင်းဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပဲတီစိမ်းသည် ဈေးကွက်အလားအလာကောင်းမွန်နေသည့်ပဲအမျိုးအစားဖြစ်ပြီး ပဲတီစိမ်းကို မိုးရာသီတွင် စိုက်ပျိုးသကဲ့သို့ ဆောင်းရာသီတွင်လည်း စိုက်ပျိုးမှုရှိနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# တောင်ငူမြို့နယ် အလယ်မြောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်ငူ နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အလယ်မြောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ အလယ်မြောင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ အဆိုပါကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တောင်ငူမြို့နယ် အလယ်မြောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၂၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ တောင်ငူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် အလယ်မြောင်ကျေးရွာရှိ အိမ်ခြေ ၁၀၆ အိမ်မှ လူ ၇၁၄ ဦး၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များအတွက် လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကိုညို

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှံစားပြောင်း ၉၉၁၂ ဧကစိုက်ပျိုးပြီးစီး

**ဘုတလင် နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှံစားပြောင်း ၉၉၁၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှံစားပြောင်း ဧက ၁၀၀၆၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၉၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဘုတလင်မြို့နယ်မှာ နှံစားပြောင်း ဧက ၁၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။



ယခင်နှစ်က နှံစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၉၄၂ ဧက စိုက်ပျိုးရန်အတွက် လျာထားကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ် ရွှေဘိုစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒေးဒရဲ နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ရွှေဘိုစုကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၄၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေဘိုစုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၁ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မင်းမြင့်မိုရ်



# ငပဲမြို့နယ် စည်သာကျေးရွာ၌ ၄၀၀ ပို့ဗာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**ငပဲ နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငပဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် စည်သာကျေးရွာအုပ်စု စည်သာကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၉ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငပဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ငပဲမြို့နယ် စည်သာကျေးရွာ၌ အရှည်ပေ ၁၀၁၃ ရှိ ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၈၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၈၆၇၄ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ၁၉ ရက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ပြောပြ၍ သိရသည်။

ဇင်မာ

# တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုမှာ တိုက်စစ်ထက်မြက်နေတဲ့ မန်စီးတီးအသင်း၊ လာဇီယိုအသင်း၊ ဆီဗီလာအသင်းတို့ကို အားပေးရမှာပါ

ML



တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေ များနေတာကြောင့် အကြိတ်အနယ်ရှိလာအုံးမှာသေချာပါတယ်။ အသင်းကြီးတွေ့ဆုံမှုမှာဆိုရင် အစဉ်အလာပိုင်းနဲ့ ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေကသာ အနိုင်ရလေ့ရှိတာကြောင့် တနင်္ဂနွေနေ့ညမှာကစားမဲ့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုမှာလဲ ကစားသမားစုဖွဲ့မှုသာလွန်ပြီး တိုက်စစ်ထက်မြက်တဲ့အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

## မန်စီးတီးအသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၁၂) မှာ အကြိုက်တွေ့မိတာကတော့ ချဲလ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ချဲလ်ဆီးအသင်းဟာ နည်းပြ ပိုချက်တီနိုလက်ထက်မှာ ပြုပြင်ပြောင်းလဲမှုအများအပြားလုပ်ခဲ့ပြီး ကစားသမားသစ်တွေနဲ့သာ ဖွဲ့စည်းထားတာကြောင့် အသင်းသစ်တစ်သင်းလိုတောင်ဖြစ်နေတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ကစားသမားတွေနဲ့ နည်းပြရဲ့နည်းစနစ်ကြားမှာ နားလည်မှုလွဲချော်တာတွေရှိနေပြီး အခုပြိုင်ပွဲမှာ ရလဒ်ကောင်းဖို့ ရုန်းကန်နေရတာပါ။ လက်ရှိပွဲစဉ် ၁၁ ပွဲ ကစားအပြီးမှာတော့ လေးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးနဲ့ ရမှတ် ၁၅ မှတ်သာရရှိခဲ့ပြီး အဆင့်(၁၀) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အပေးကွင်းမှာ စပါးအသင်းကို အနိုင်ရခဲ့ပေမဲ့ အဲဒီပွဲစဉ်မှာ စပါးအသင်းက အဓိက ကစားသမားတွေဒဏ်ရာရသွားတာရယ် ကစားသမားနှစ်ယောက်ထိ ထုတ်ပယ်ခံခဲ့ရတာကြောင့် အသာရသွားတာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ သူတို့ရင်ဆိုင်ရမဲ့ပြိုင်ဘက်ဟာ လက်ရှိချန်ပီယံဖြစ်နေသလို ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းကလဲ သူတို့အသင်းထက်သာနေတာကြောင့် အိမ်ကွင်းဖြစ်ပေမဲ့ ပွဲချိန်ပြည့် ထိန်းချုပ်ကစားဖို့တော့ မဖြစ်နိုင်ပါဘူး။ ဒ့ါပြင် ကစားသမားတွေ အမှားလုပ်မိမယ်ဆိုရင်တော့ မန်စီးတီးအသင်းကို ပေးဂိုးများသွားနိုင်ပါတယ်။

လက်ရှိချန်ပီယံ မန်စီးတီးအသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၁၁ ပွဲအပြီးမှာ ကိုးပွဲနိုင်၊ နှစ်ပွဲရှုံးနဲ့ ဇယားထိပ်မှာ ဦးဆောင်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိမှာတော့ ဘာနာဒိုဆေးဗားက ဒီဘရိုင်းနေရာမှာ ပါဝင်ကစားပေးခဲ့ပြီး ခြေစွမ်းပြသနေတာကြောင့် မန်စီးတီးအသင်းနိုင်ပွဲဆက်လာတာကို သတိပြုရမှာပါ။ နည်းပြ ဂွါဒီယိုလာဟာ ကွင်းလယ်မှာ ဘာနာဒိုဆေးဗားနဲ့ အယ်ဗာရက်ဇ်ကို တိုက်စစ်အတွက် နေရာလွတ်ဖန်တီးပေးနိုင်ဖို့ အသုံးပြုနေသလို ရိုဒရီနဲ့ ဂွန်စတုန်းတို့ကိုတော့ ကွင်းလယ်ခံစစ်အတွက် အသုံးပြုခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အသင်းရဲ့ခံစစ်၊ တိုက်စစ်ဟာ ပြိုင်ဘက်ကိုထိန်းချုပ်နိုင်ပြီး တိုက်စစ်မှူးတွေဖြစ်တဲ့ ဟာလန်း၊ ဒိုကူ၊ ဂရီလစ်၊ ဖိုဒင်တို့ဟာ ပြိုင်ဘက်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ချဲလ်ဆီးအနေနဲ့ ကွင်းလယ်မှာ ဂယ်လာဟာ၊ ပယ်မာ၊ ဖာနန်ဒက်စ်၊ ကာစီဒိုတို့ကို အသုံးပြုနေပေမဲ့ ဒီကစားသမားတွေဟာ မန်စီးတီးရဲ့ ဘာနာဒိုဆေးဗား၊ အယ်ဗာရက်ဇ်၊ ရိုဒရီတို့နဲ့ယှဉ်ရင် ကွာဟမှုရှိနေတာကြောင့် ချဲလ်ဆီးအသင်း တိုက်စစ်ပိုင်းကျဆင်းသွားမှာသေချာပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှု ခြောက်ကြိမ်မှာလဲ ချဲလ်ဆီးအသင်းက မန်စီးတီးအသင်းကို ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ရှုံးနိမ့်ခဲ့သလို လက်ရှိကစားပုံနဲ့ တိုက်စစ်ထက်မြက်မှုကလဲ မန်စီးတီးအသင်းက အသာရနေတာကြောင့် ဧည့်သည် မန်စီးတီးအသင်း ရလဒ်ကောင်းမှာပါ။

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၁ | - | ၄ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၂ | - | ၂ | အာဆင်နယ် |
| ချဲလ်ဆီး | ၀ | - | ၂ | ဘရန့်ဖို့ဒ် |
| ချဲလ်ဆီး | ၂ | - | ၀ | ဘလက်ဘန်း |
| စပါး | ၁ | - | ၄ | ချဲလ်ဆီး |

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၂ | - | ၁ | ဘရိုက်တန် |
| ယန်းဘွိုင်း | ၁ | - | ၃ | မန်စီးတီး |
| မန်ယူ | ၀ | - | ၃ | မန်စီးတီး |
| မန်စီးတီး | ၆ | - | ၁ | ဘုန်းမောက် |
| မန်စီးတီး | ၃ | - | ၀ | ယန်းဘွိုင်း |

## လာဇီယိုအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ အီတလီစီးရီးအေပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လာဇီယိုအသင်းနဲ့ ရိုးမားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိသေးပေမဲ့ အသင်းကြီးတွေနဲ့ဆို ရမှတ်ရှာဖွေနိုင်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အခုရာသီ အသင်းကြီးနဲ့တွေ့ဆုံတဲ့ ပွဲတွေမှာ ဂျူဗင်တပ်အသင်းကို အဝေးကွင်းမှာ သုံးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာကလွဲရင် နာပိုလီအသင်းကို နှစ်ဂိုးတစ်ဂိုး၊ အတ္တလန်တာအသင်းကို သုံးဂိုးနှစ်ဂိုး၊ ဖီအိုရင်တီးနားအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိပြိုင်ပွဲမှာတော့ ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ ငါးပွဲရှုံးနဲ့ အဆင့် (၁၆) မှာရောက်နေတာကြောင့် အခုပွဲစဉ်ကို ရှုံးခဲ့ရင် အဆင့်(၁၃) လောက်ထိ ကျဆင်းသွားနိုင်ပြီး အနိုင်ရခဲ့ရင်တော့ အဆင့်(၈) ထိ တက်ရောက်လာမှာဖြစ်ပါတယ်။ အခုပွဲစဉ်ဟာ သူတို့အသင်းအတွက် အရေးကြီးနေသလို တစ်ဖက်က ပြိုင်ဘက်အသင်းကလဲ ခံစစ်အားပြုကစားတဲ့ နည်းပြ မော်ရင်ဟိုရဲ့ ရိုးမားအသင်းဖြစ်နေတာကြောင့် အနိုင်ရရေးထက် ရမှတ်ခွဲယူဖို့သာ ကစားသွားနိုင်ပါတယ်။

နည်းပြ မော်ရင်ဟိုရဲ့ ရိုးမားအသင်းဟာ နောက်ကစားခဲ့တဲ့ အမှတ်ပေးပွဲစဉ်မှာ လက်ချီအသင်းနဲ့တွေ့ဆုံခဲ့ပေမဲ့ ပြိုင်ဘက်ရဲ့ဦးဆောင်မှုကို ခံလိုက်ရပြီး နာကျင်အချိန်ပိုကျမှသာ ချေပဂိုးနဲ့ ဦးဆောင်ဂိုးသွင်းယူကာ အနိုင်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းမှာ လူကာကူဟာ သွင်းဂိုးခြောက်ဂိုးထိသွင်းယူပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၁ ပွဲမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးခဲ့ပြီး ရမှတ် ၁၇ မှတ်ရခဲ့တာကြောင့် အဆင့်(၇) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၁၂) က အသင်းတွေနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် အခုပွဲစဉ်ဟာလဲ သူတို့အသင်းအတွက် ရှုံးလို့မရတဲ့ ပွဲစဉ်ဖြစ်နေပါတယ်။ ဒါကြောင့် ဝါရင့်နည်းပြနှစ်ယောက်တွေ့ဆုံပွဲမှာ တိုက်စစ်ထက် ခံစစ်အသားပေးကစားသွားနိုင်တာကြောင့် နှစ်သင်းပေါင်း ဂိုးနည်းနိုင်ပြီး သရေရလဒ်ထွက်ပေါ်ဖို့ ရာခိုင်နှုန်းပိုများနေပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာလဲ လာဇီယိုအသင်းက သုံးပွဲနိုင်၊ နှစ်ပွဲရှုံးနဲ့ အသာရထားသလို လက်ရှိ အသင်းကြီးတွေနဲ့ဆို ရလဒ်ကောင်းနေတဲ့ လာဇီယိုအသင်းကိုပဲ ရွေးချယ်ရမှာပါ။

### လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆက်ဆူအိုလို | ၀ | - | ၂ | လာဇီယို |
| ဖီရင်နူ | ၃ | - | ၁ | လာဇီယို |
| လာဇီယို | ၁ | - | ၀ | ဖီအိုရင်တီးနား |
| ဘိုလော့နာ | ၁ | - | ၀ | လာဇီယို |
| လာဇီယို | ၁ | - | ၀ | ဖီရင်နူ |

### ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | ၁ | - | ၄ | ရိုးမား |
| ရိုးမား | ၁ | - | ၀ | မွန်ဇာ |
| ရိုးမား | ၂ | - | ၀ | ဆလာဗီးယား |
| အင်တာမီလန် | ၁ | - | ၀ | ရိုးမား |
| ရိုးမား | ၂ | - | ၁ | လက်ချီ |

## ဆီဗီလာအသင်းနဲ့ လက်တွဲရမှာပါ

စပိန်လာလီဂါပွဲစဉ် (၁၃) မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆီဗီလာအသင်းနဲ့ ဘက်တစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ ငါးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်က သွင်းဂိုးခုနစ်ဂိုးထိရှိခဲ့တာကို တွေ့ရမှာပါ။ ဆီဗီလာအသင်းဟာ နည်းပြအလွန်ဆိုလက်ထက် အမှတ်ပေးပြိုင်ပွဲမှာ ရှုံးပွဲမရှိခဲ့ဘဲ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာဖြစ်ပြီး တိုက်စစ်ပိုင်းထက်မြက်လာတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ကြားရက်က ချန်ပီယံလိဂ်ပွဲစဉ်မှာ အာဆင်နယ်အသင်းကို ကစားကွက်ပိုင်းလဲ အသာမရခဲ့ဘဲ တိုက်စစ်ကလဲ တစ်ပွဲလုံးမှ ဂိုးပေါက်တစ်ကြိမ်သာ ကန်သွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၁ ပွဲအပြီးမှာ ရမှတ် ၁၁ မှတ်နဲ့ အဆင့်(၁၅) ရောက်ရှိနေသလို တန်းဆင်းဇုန်က ဆဲလ်တာဗီဂိုနဲ့ ရမှတ်လေးမှတ်သာ ကွာဟနေတာကြောင့် အခုပွဲကိုရှုံးခဲ့ရင် တန်းဆင်းဇုန်ဖိအားအောက် ကျရောက်သွားနိုင်ပါတယ်။ ဒါကြောင့် သူတို့အသင်းနည်းပြဟာ အခုပွဲစဉ်မှာ အဓိက ကစားသမားတွေနဲ့ ပွဲထွက်ပြီး ဘက်တစ်အသင်းကို ဖိအားပေးဖို့ ပြင်ဆင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ ကစားသမားသုံးယောက် ဒဏ်ရာရနေပေမဲ့ အဓိက ကစားသမားအားလုံး ပါဝင်ကစားနိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာမဟုတ်ပါဘူး။

ဘက်တစ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ ၁၀ ပွဲဆက် ရှုံးပွဲမရှိဘဲ ရလဒ်ပိုင်းကောင်းမွန်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ ပွဲစဉ် ၁၂ အပြီးမှာ ငါးပွဲနိုင်၊ ငါးပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ ရမှတ် ၂၀ ထိ ရယူနိုင်ခဲ့ပြီး အဆင့် (၆) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ အဝေးကွင်း ငါးပွဲဆက်မှာတော့ တစ်ပွဲမှ နိုင်ပွဲမရခဲ့ဘဲ ဘီလ်ဘာအိုကို လေးဂိုးနှစ်ဂိုး၊ ဘာစီလိုနာကို ငါးဂိုး ဂိုးမရှိနဲ့ ရှုံးခဲ့ပြီး ဂရန်နာဒါ၊ အလာဗက်၊ ဂီတာဖေးအသင်းတို့ကို တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းရဲ့ အဝေးကွင်းကစားပုံဟာ အသင်းငယ်တွေကိုတောင် အသာမရခဲ့တာကြောင့် ဆီဗီလာလို ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းကိုတော့ ဘယ်လိုထိန်းချုပ်ကစားမလဲ ဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ အခုရာသီမှာ သူတို့အသင်း ရလဒ်ကောင်းခဲ့တာကလဲ အိမ်ကွင်းပွဲစဉ်တွေသာဖြစ်ပြီး အဝေးကွင်းမှာတော့ ရလဒ်ကောင်းဖို့ရုန်းကန်နေရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ အစဉ်အလာပိုင်းနဲ့ အိမ်ကွင်းအားသာချက်ရှိတဲ့ ဆီဗီလာအသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၂ | အာဆင်နယ် |
| ကာဒီဇက် | ၂ | - | ၂ | ဆီဗီလာ |
| ကွင်တာနာ | ၀ | - | ၃ | ဆီဗီလာ |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ဆီဗီလာ |
| အာဆင်နယ် | ၂ | - | ၀ | ဆီဗီလာ |

### ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၁ | - | ၁ | ဘက်တစ် |
| လီမာဆူး | ၀ | - | ၁ | ဘက်တစ် |
| ဘက်တစ် | ၂ | - | ၁ | အိုဆာဆူနာ |
| ဟာနန်ကော်တက် | ၁ | - | ၁၂ | ဘက်တစ် |
| ဘက်တစ် | ၂ | - | ၀ | မာယော့ကာ |

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**


| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ယခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၃၄၄၀ ကျော် တင်ပို့ရောင်းချခဲ့



**နေပြည်တော် နိုဝင်ဘာ ၁၀**

ယခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၃၄၄၀ ကျော် တင်ပို့ရောင်းချခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပဲစင်းငုံကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးကြပြီး ပြည်တွင်းဈေးကွက်တွင် စားသုံးမှုအနည်းငယ်သာရှိနေ၍ ပြည်ပဈေးကွက်ကိုသာ အားထားနေရသည့် ပဲအမျိုးအစားဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၇ သန်းတန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၃၄၄၀ ကျော် တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချရာတွင် အိန္ဒိယနိုင်ငံသို့ တန်ချိန် ၃၃၂၀ ကျော်ဖြင့် အများဆုံးတင်ပို့ရောင်းချခဲ့ပြီး စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၂၀ တင်ပို့ ရောင်းချခဲ့ကြောင်း သိရသည်။

ပဲစင်းငုံများကို ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၅၇၂ သန်းဖိုးထိ တင်ပို့ရောင်းချခဲ့ပြီး ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ ပဲစင်းငုံပြည်ပတင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၄၄၂ သန်းရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပဲစင်းငုံများကိုပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချခဲ့ပြီး မြန်မာနိုင်ငံမှပဲစင်းငုံများကို အိန္ဒိယနိုင်ငံက အများဆုံးဝယ်ယူနေကြောင်း၊ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံက မတ်ပဲနှင့် ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၄ခုနှစ် မတ် ၃၁ ရက်ထိ ခွင့်ပြုထားပြီး မြန်မာနိုင်ငံက ပဲတင်သွင်းခွင့်ကိုလည်း အခွန်ကင်းလွတ်ခွင့်ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပဲစင်းငုံများကို အိန္ဒိယနိုင်ငံက ဝယ်ယူမှုမြင့်တက်နေသဖြင့် ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်တွင် နိုဝင်ဘာ ၉ ရက်မှစ၍ ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၃၉ သိန်းဈေးနှုန်းရရှိကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်စဉ် ပဲမျိုးစုံစိုက်ဧက ၁၁ သန်းကျော် စိုက်ပျိုးလျက်ရှိရာ ပဲစင်းငုံကို ပဲမျိုးစုံစိုက်ဧက၏ ၁၅ ရာခိုင်နှုန်းထိ စိုက်ပျိုးမှုရှိနေကြောင်း သိရသည်။

SKL

# အောင်လံမြို့နယ် ပိတောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိတောက်ကုန်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြေ့ဦးစွာ အောင်လံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နန္ဒာအိက အမှာစကားပြောကြားသည်။

ဆက်လက်၍ အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၀၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ပိတောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးကို ရန်ပုံငွေကျပ် ၁၀၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နန္ဒာအိ၊ မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုလှိုင်**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၁၀ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၁၅ | ၂၀၉၅ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၇၅ | ၂၈၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၅ | ၂၂၉၀ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၃၁၅ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၄၀ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၅ | ၂၀၂၈ |
| 95 Ron | ၂၀၅၃ | ၂၁၂၇ |
| HSD (500 ppm) | ၂၀၈၈ | ၂၁၆၀ |
| HSD (50 ppm) | ၂၂၀၀ | ၂၂၇၄ |
| HSD (10 ppm) | ၂၂၀၈ | ၂၂၈၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family





နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇




## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေယဂီရိရပ်၊ အကွက်အမှတ်(၁၄၀)၊ ဦးပိုင်အမှတ်(၄၂/၁)၊ လမ်း၈၀၊ ၁၇×၁၈ကြား၊ ဧရိယာအကျယ်အဝန်း(၃၇×၆၀) ပေအကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်တို့ကို အရောင်းအဝယ်စာချုပ်အဆင်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအားနိုင် (ခ) အဲလက်စ် မှ ကျွန်တော် ဖုံကြာဖူး (ခ) ဦးနေဝင်းမောင် ထံသို့ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ရောင်းချခဲ့ပါသည်။ ကျွန်တော် ဖုံကြာဖူး (ခ) ဦးနေဝင်းမောင် မှ အရောင်းအဝယ်ပြုလုပ်တော့မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဖုံကြာဖူး (ခ) ဦးနေဝင်းမောင်**
**၁၃/ လလန(နိုင်)၀၀၂၆၉၂**
**အမှတ်(၀၇/ ၀၂)၊ကွန်ဒို(အေ)၊မင်းဓမ္မလမ်း၊**
**(၃)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။**
**Ph- 09-5049898**
**(အသိပေးကြေညာသူ)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တံတားဦးမြို့၊ လွှစဉ်တန်းရပ်ကွက်နေ ဦးမျိုးဇော် (ခ) ဦးသောင်းအေး+ ဒေါ်ခင်ညိုရီ တို့၏သမီး **မရွှေဝတ်မှုံဇော် (၉/ တတဥ (နိုင်)၀၉၄၇၄၀)** သည် မိဘတို့၏ ဆိုဆုံးမမှုများကို နာခံမှုမရှိခြင်း၊ စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမျိုးဇော် (ခ) ဦးသောင်းအေး (၉/ တတဥ(နိုင်)၀၀၈၅၅၁)**
**ဒေါ်ခင်ညိုရီ (၉/ တတဥ(နိုင်)၀၀၈၅၈၇)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တံတားဦးမြို့၊ မြို့နယ်ပညာရေးရုံးတွင် အကြီးတန်းစာရေး တာဝန်ထမ်းဆောင်နေသော (ဘ) ဦးလှသောင်း ၏သမီး ဒေါ်နွဲ့နွဲ့ရီ (၉/တတဥ(နိုင်)၀၇၄၇၇၂) နှင့် အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)ပါ ဒေါ်နွဲ့ရီ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်နွဲ့နွဲ့ရီ (ခ) ဒေါ်နွဲ့ရီ (၉/ တတဥ(နိုင်)၀၇၄၇၇၂)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့၊ ရွာဟောင်းကုန်းကျေးရွာနေ ဦးကျော်ဆန်း ၏သား **မောင်ဖြိုးဝေကျော် (ခ) ရှမ်းလေး (ခ) ကိုဖြိုး (၁/ မကတ(နိုင်)၁၁၇၁၂၆)** သည် ဖခင်နှင့် ဆွေမျိုးသားချင်းများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကျော်ဆန်း (၉/ စကတ(နိုင်)၀၇၄၄၀၈)**

### ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

### ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



### ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများလိုက်နာရမည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်...

❖ မိမိတို့အစိုးရသည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေသည့်အစိုးရဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင်ပြုလုပ်သော ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ငပုတောမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၄၇၂ ဦး၊ ခွဲစိတ်ရောဂါ ၇၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၄၉ ဦး၊ ကလေးရောဂါ ၅၇ ဦး၊ အရိုးရောဂါ ၁၁၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၇၀၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ ပို့ကုန်ရငွေအား သတ်မှတ်ကာလအတွင်း မိမိ၏ ဘဏ်ငွေစာရင်းသို့ မပျက်မကွက်ထည့်သွင်းရန်လိုအပ် စာမျက်နှာ - ၁၈

(၁၄)ကြိမ်မြောက် ကမ္ဘာ့ကာယပလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်နှင့် ငွေတံဆိပ် ရရှိ စာမျက်နှာ - ၉

မြောက်ကမ္ဘာခြမ်းတွင် ဖြစ်ပေါ်နေသော အယ်လ်နီညိုရာသီဥတု ၂၀၂၄ ခုနှစ် နွေကာလထိ ကြာမြင့်နိုင် စာမျက်နှာ - ၂၃


ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015




နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com